မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၈)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ (ပြည်တော်သာ - ရေချမ်းပြင်) ရထားလမ်းပိုင်းဖွင့်ပွဲ တက်ရောက်

ရခိုင်ပြည်နယ်အတွင်း ရရှိလာသည့် အခြေခံအဆောက်အအုံကောင်းများကို အသုံးချ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရန် မှာကြား

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းတွင် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းတွင် တံတားကြီးငယ်ပေါင်း ၂၁ စင်း၊ ဘလောက်ဘူတာပေါင်း သုံးဘူတာ၊ ရပ်စခန်းဘူတာ သုံးဘူတာ ပါဝင်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေချမ်းပြင်ဘူတာ၌ ဒေသခံ ရပ်မိရပ်ဖများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

21-5 (01).pmd 1 5/21/2009, 1:14 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၁ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်ခိုင်မာ နိုင်ငံတစ်ဝန်း ကူးလူးဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက် ဒေသအသီးသီးသို့ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ပြီး ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အလေးထားဖော်ဆောင်လျက်ရှိသည်။

ယခုအခါ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရ တောင်တန်းများကာရံလျက်ရှိသဖြင့် အခက်အခဲများစွာဖြတ်သန်း၍ ကားလမ်းမကြီးများကို ဖောက်လုပ်ခဲ့ရသည်။ ပြည်နယ်အတွင်းရှိ နေထိုင်သော တိုင်းရင်းသားပြည်သူများသည် ပြည်နယ်အကျိုးဖြစ်ထွန်းစေရေးအတွက် စိတ်ဓာတ်ထက်သန်မှုများနှင့်အတူ နိုင်ငံတော်အစိုးရက လမ်းမကြီးများ ဖောက်လုပ်ရာတွင် စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြသည်။ ယခုအခါ ပြည်နယ်အတွင်း ကားလမ်းမကြီးများ ပေါ်ထွန်းလျက်ရှိပြီး အမ်း-မင်းဘူး ရထားလမ်းကို စတင်ဖောက်လုပ်လျက်ရှိသည်။ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် သံတွဲလေဆိပ်၊ စစ်တွေလေဆိပ်များကို အဆင့်မြှင့်တင် ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေသည်သာမက ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတစ်ဝန်း၌ အခြေခံကောင်းများကို တည်ဆောက်ဖော်ဆောင်ပေးခဲ့သည်။ ထို့ပြင် တက္ကသိုလ်ကောလိပ်၊ ဝိဇ္ဇာသိပ္ပံ၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကို အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အိမ်တိုင်းမီးလင်းရေးဆောင်ရွက်ရာတွင် ဇီဝဘက်ထရီနည်းဖြင့် လျှပ်စစ်မီးထွန်းခြင်းသည် လွယ်ကူလှသည်။ ၎င်းသည် ရိုးရှင်းသောနည်းလမ်းဖြစ်သဖြင့် မည်သည့်နေရာဒေသတွင်မဆို ဆောင်ရွက်နိုင်သည်ဖြစ်၍ ကျေးရွာများ၌ အိမ်တိုင်းမီးလင်းရေးကို ဝိုင်းဝန်းဆောင်ရွက် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားပြည်သူများအားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများရရှိထားပြီးဖြစ်ရာ ၎င်းကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး ရင့်သန်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော် အစိုးရနှင့်အတူ မဆုတ်မနစ် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၂၂-၅-၂၀၀၉)

၀၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၁၅	တရားတော် (မင်္ဂလသုတ်)
၀၇:၃၀	ဓမ္မပူဇာတေးပဒေသာ
၀၇:၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၀၈:၀၀	စံတော်ချိန် + သတင်း
၀၈:၁၀	နံနက်ခင်းတေးပဒေသာ
၀၈:၃၀	ပြောပါရစေရှင် (လူငယ်နှင့် အဝတ်အစား)
၀၈:၃၅	တေးပဒေသာ
၀၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	သောတရှင်လိုရာတေး
၁၀:၃၀	သတင်းစာအာဘော်
၁၀:၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (စွမ်းအင်ဝန်ကြီးဌာန) တေးပဒေသာ
၁၂:၃၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ(ကြီးပွားတိုးတက်ရေး လမ်းပြဝတ္ထုတစ်ပုဒ်)
၁၂:၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၃:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး (ပတ်ဝန်းကျင်ကောင်း)
၁၆:၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွှေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅	ဇာတ်လမ်းပမာနားဆင်စရာ (အနှစ်-၂၀ ကြာပြီးနောက်)
၁၉:၄၅	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ထွန်းထွန်း-Examplez) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀	ဆောင်းပါး (ရောင့်ရဲခြင်း) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၁-၅-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့ အတွေး** (အပိုင်း-၂၀)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၁)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင် သိုင်းမောင်နှံ** (အပိုင်း-၇)

သံအမတ်ကြီး ဦးအောင်ခင်စိုး ဖိလစ်ပိုင်သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၁

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၉ခုနှစ် မေ ၆ရက်တွင် မနီလာမြို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားလုပ်ကိုင်

နေပြည်တော် မေ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၁၀)မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

နည်းမှန်လမ်းမှန်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘဏ်များအားလုံးသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် နည်းမှန်လမ်းမှန် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်းနေ ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီး-ဒေါ်ရင်ရင်မြ မိသားစုတို့က နှစ်(၆၀)ပြည့်မင်္ဂလာ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထွေထွေပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ တောင်ကြီး၌ကျင်းပ

တောင်ကြီး မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်သူနာပြုနှင့် သားဖွားအသင်းမှကြီးမှူး၍ ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အထိမ်းအမှတ်အခမ်းအနားကို တောင်ကြီးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ မေ ၁၂ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ ဆေးရုံအုပ်ကြီးများ၊ အငြိမ်းစားဆရာမကြီးများနှင့် ရှမ်းပြည်နယ်ရှိ သူနာပြုအသင်းဝင်အင်အား ၂၅၀ခန့် တက်ရောက်ကြသည်။ အစီအစဉ်အရ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား စဝ်စံထွန်းအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြင့်သိန်းက အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက်ပြည်နယ်သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး သူနာပြု ဒေါ်အေးသန်းက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး United Pharma Co.,Ltd. မှ ကိုယ်စားလှယ် ဒေါ်ပိုက်ပိုက်ခမ်းက ကျန်းမာရေးအသိပညာအကြောင်း ဟောပြောဆွေးနွေးကာ သူနာပြုနှင့်သားဖွားအသင်း ပညာရေးအဖွဲ့ဝင် နည်းပြဒေါ်တင်တင်နွဲ့က ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ဆောင်ပုဒ်အရည်အသွေးပြည့်ဝစွာ ပြည်သူ့အတွက်ဆောင်ရွက်ပါ၊ တီထွင်ကြံဆပြုစုလို့ သူနာပြုများဦးဆောင်စို့ကိုရှင်းလင်းဆွေးနွေးကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရမည်းသင်းမြို့ ရေပေးရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၂၀

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့်အဖွဲ့သည် မေ ၅ရက် နံနက်ပိုင်းက ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာရှိ ရေစက်ရုံများသို့ သွားရောက်၍ နွေရာသီတွင် မြို့ရေပေးရေးစနစ် ရပ်တန့်မှုမဖြစ်စေရန် မြို့ရေပေးရေး အရန်မီးစက်နှင့် လက်ရှိရေပေးရေးအတွက် အသုံးပြုနေသော စက်ရေတွင်းများ ကြံ့ခိုင်ရေး၊ ရေပို့စက်များ၏ စွမ်းဆောင်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ညောင်ဦးမြို့နယ်ရှိ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ကျောက်ဆည်ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်

ကျောက်ဆည် မေ ၂၀

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ခရိုင်လုံးကျွတ်ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲကို ကျောက်ဆည်မြို့ (၁၆)လမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးထောင့် မြို့တော်ခန်းမမြောက်ဘက်တွင် ဧပြီ၂၆ရက်က ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ခရိုင်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ဆိုင်းဘုတ်ကို တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရေစကြို၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၁၇ရက် နံနက်ပိုင်းတွင် မုံရွာတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်ဖြင့် မုံရွာ-ချောင်းဦး၊ ရေစကြို-ပခုက္ကူလမ်းပိုင်း အခြေအနေများ၊ ဆင်ဖြူရှင်တံတားကြွံခိုင်မှု အခြေအနေ၊ တံတားသံပေါင်များနှင့် ရေကြောင်းပြောင်းလဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားနှင့်မြစ်ကမ်းပါး ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရေစကြိုမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ရေဆိပ်သို့ရောက်ရှိကြပြီး အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ အမြန်ရေယာဉ်ပေါ်၌ ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာက ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်းတွင် မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးက ချောင်းမကိုင်းတံတားတည်ဆောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ရေဆိပ်သို့ရောက်ရှိကြပြီး လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြား၍ စိုက်ပျိုးရေပေးဝေနိုင်ရန် ရောဝတီမြစ်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် အောက်ညဝ်ကျေးရွာအုပ်စုရှိ သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူးက သူကောင်းတည်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လက်ရှိစိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြား၍ ပင်မမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ နွေစပါးစိုက်ခင်း၊ စံပြဝက်မွေးမြူရေးခြံ၊ နွားမွေးမြူရေးခြံနှင့် ငါးကန်တို့ကိုလည်းကောင်း၊ အောက်ညဝ်ကျေးရွာ ဒေသခံတောင်သူများစိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားပြီး ကျောက်ပန်းတောင်းမြို့ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းအုပ်စု၌ ဒေသခံပြည်သူများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-မန္တလေးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ကျေးလက်အိမ်တိုင်းမီးလင်းရေး လားရှိုး၌ ဆွေးနွေး

လားရှိုး မေ ၂၀

ကျေးရွာဘက်စုံဖွံ့ဖြိုးရေးနှင့် ကျေးလက်အိမ်တိုင်း မီးလင်းရေးဆောင်ရွက်နိုင်ရန် သရုပ်ပြ ဟောပြောဆွေးနွေးပွဲကို မေ ၈ရက် ညနေ ၆နာရီက လားရှိုးမြို့ မယ်ဟန်အုပ်စု နမ့်ခိုက်ရွာ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးနေဝင်းစိုးက တက်ရောက်လာသူများအား ဇီဝဘက်ထရီပြုလုပ်သုံးစွဲနည်းများ လက်တွေ့ပြသဆွေးနွေးပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်လွင်က ဇီဝဘက်ထရီသုံးစွဲခြင်းဖြင့် မီးဘေးအန္တရာယ်ကင်းရှင်းမှုများကို ဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ လားရှိုးကိုယ်ပွားသတင်းစာတိုက်တာဝန်ခံ ဦးဇော်လွင်က ကျေးလက်အရောက် သတင်းစာဖြန့်ဝေမှု၊ ဖတ်ရှုသူတိုးပွား၍ ဗဟုသုတအသိအမြင် ကျယ်ပြန့်ရေးကို ဆွေးနွေးပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်နယ်ဦးစီးမှူး ဦးလှကျော်ဦးနှင့်အဖွဲ့က နိုင်ငံအကျိုးပြုဒေသဖွံ့ဖြိုးမှု သတင်းမှတ်တမ်း မော်ကွန်းရုပ်ရှင်ကားများကို ပြသပေးခဲ့သည်။

အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌ ဦးစံသြ၊ ကျေးရွာမှ ဦးစိုင်းအောင်ပနှင့် ဒေသခံ ၁၂၀နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(လားရှိုး/ကိုယ်ပွား)**

သတိပြုရန်

အဝေးပြေးလမ်းမကြီးများပေါ်တွင် ယာဉ်မောင်းသူများ ယာဉ်အချက်ပြမီးအသုံးပြုမှုကို အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်-

“လက်ယာဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ယာဘက် ယာဉ်ကြောပြောင်းရန်(သို့မဟုတ်)လက်ယာနံဘေးသို့ ကပ်ရန် မိမိယာဉ်၏ လက်ယာဘက် အချက်ပြမီးဖြင့် အချက်ပြရမည်။ လက်ဝဲဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ဝဲဘက် ယာဉ်ကြောသို့ပြောင်းရန်(သို့မဟုတ်) လက်ဝဲနံဘေးသို့ကပ်ရန် မိမိယာဉ်၏ လက်ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြရမည်။ နောက်မှ ယာဉ်အား ကျော်တက်နိုင်ကြောင်း မိမိယာဉ်၏ လက်ယာဘက်အချက်ပြ မီးဖြင့် အချက်ပြရမည်”

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန။

ဥတုရာသီ တောကိုမီး၏

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ယာဉ်တင်တယ်လီဖုန်းစနစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ယာဉ်တင်တယ်လီဖုန်း (CDMA 450 MH_z) စနစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦးတို့က ယာဉ်တင်တယ်လီဖုန်း (CDMA 450 MH_z) စနစ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယာဉ်တင်တယ်လီဖုန်း (CDMA 450 MH_z)စနစ် စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

A/H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူ အိုကလာဟိုးမားပြည်နယ်၌ ၄၃ ဦးရှိပြီ

ဟူစတန် မေ ၂၀

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် A/H1N1တုပ်ကွေးရောဂါထပ်မံဖြစ်ပွားသူ ၁၁ဦး ရှိသည်ဟု မေ ၁၉ရက်က အတည်ပြုပြောကြားရာ ယင်းဒေသတွင် အဆိုပါရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၃ဦးအထိ ရှိပြီဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မေ ၁၈ရက်အထိ ယင်းဒေသတွင် အဆိုပါရောဂါဖြစ်ပွားသူ ၃၂ ဦးရှိသည်ဟု အတည်ပြုပြောကြားခဲ့သည်။ A/H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူသည် ပြည်နယ်ပေါင်း ၄၈ ပြည်နယ်တွင် ၅၄၆၉ ဦးအထိရှိပြီး ပြည်နယ်သုံးခုတွင် လူခြောက်ဦးသေဆုံးခဲ့သည်။ တက္ကဆက်တွင် လူသုံးဦး၊ အရီဇိုးနားတွင်နှစ်ဦးနှင့် ဝါရှင်တန်တွင် တစ်ဦးတို့ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဌာနက ပြောကြားသည်။

သေဆုံးသည့်စာရင်းများတွင် နယူးယောက်၌ ယင်းရောဂါဖြစ်ပွားပြီး သေဆုံးသူပါဝင်ခြင်းမရှိသကဲ့သို့ မစ်ဆောရီပြည်နယ်တွင် ယင်းရောဂါဖြင့် သေဆုံးသူလည်း ပါဝင်ခြင်းမရှိဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အထည်အလိပ်စက်ရုံ

တရုတ်နိုင်ငံ ကျိကျန်းပြည်နယ်ရှိ အထည်အလိပ်စက်ရုံ၏ လုပ်ငန်းခွင်ကို မေ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းလွန် ကာလအတွက် အဆင်သင့်ပြင်ထားရန် စင်ကာပူသမ္မတ ပြောကြား

စင်ကာပူ မေ ၂၀

ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးအကျပ်အတည်းအရှိန်လျော့သွားပြီး ယခင်စီးပွားရေး အခြေအနေအတိုင်း မဖြစ်ခဲ့ပါက စင်ကာပူနိုင်ငံ ပြည်သူများအနေဖြင့် ရင်ဆိုင်ဖြေရှင်းရန် အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း စင်ကာပူသမ္မတ ကက်စ်အာနာသန်က မေ ၁၈ရက်တွင် ပြောကြားသည်။

ထည့်သွင်းပြောကြား

ကမ္ဘာတစ်ဝန်း စီးပွားရေးအခြေအနေသည် တိုးတက်မှုနှေးကွေးပြီး ကာလကြာရှည်နိုင်သည်ဟု နိုင်ငံတကာက သဘောတူညီကြကြောင်း သမ္မတနာသန်က ပါလီမန်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ဆောင်ရွက်

ဘဏ်လုပ်ငန်းဆိုင်ရာ ပြဿနာများသည် နိုင်ငံအများစု အထူးသဖြင့် အမေရိကန်နှင့် ဥရောပဒေသတွင် ဆိုးဆိုးရွားရွား ပေါ်ပေါက်နိုင်ပြီး နှစ်ပေါင်းများစွာအထိ ကြာမြင့်နိုင်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခြေခံ အဆောက်အအုံနှင့် အလုပ်သမားအင်အားတိုးမြှင့်ပြီး နည်းပညာအသစ်များအသုံးပြုနိုင်စေရန် ဆောင်ရွက်သင့်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အရှေ့ဂျာဗား၌လေယာဉ်ပျက်ကျ၊ ခရီးသည် ၉၈ ဦးသေဆုံး

ဂျကာတာ မေ ၂၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ မေ ၂၀ရက် နံနက် ၆ နာရီ မိနစ် ၂၀ခန့်တွင် လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ခရီးသည် ၉၈ ဦးသေဆုံးခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ပျက်စီး

ယင်းဖြစ်ပွားမှုသည် ဂျကာတာမြို့မှ အရှေ့ဂျာဗားခရီးစဉ်၌ ခရီးသည် ၁၁၂ ဦး တင်ဆောင်လာသည့် စီ-၁၃၀ လေယာဉ်သည် ဂျီပလက်ကျေးရွာ နေအိမ်များပေါ်သို့ ပျက်ကျရာ**(အောက်ပုံ)** အိမ်နှစ်လုံးပျက်စီးသွားခဲ့ပြီး ဒေသနေပြည်သူနှစ်ဦးပါသေဆုံးခဲ့ကာ များစွာ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် အင်ဒိုနီးရှား လေတပ်အခြေစိုက်စခန်းမှ တစ်ကီလိုမီတာအကွာ၌ ရုတ်တရက်ဖြစ်ပွားခဲ့ရာ ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်၌ ပစ်ခတ်ခံရ၍ သေဆုံး

ကဘူးလ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီပေးရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထုတ်ဖော်ကြေညာ

အာဖဂန်နစ္စတန် အရှေ့ပိုင်းဒေသတွင် ပစ်ခတ်မှုခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်ဟု ကြေညာချက်တွင် ပါရှိသော်လည်း သေဆုံးသူသည် မည်သည့်နိုင်ငံသားဖြစ်သည်ဟု ထုတ်ဖော်ကြေညာခြင်းမရှိပေ။

ဖြန့်ကြက်ထား

အမေရိကန်တပ်ဖွဲ့ဝင် အများစုအပါအဝင် နိုင်ငံတကာ တပ်ဖွဲ့ဝင်များသည် တာလီဘန်စစ်သွေးကြွများ သောင်းကျန်းထကြွသည့် အာဖဂန်နစ္စတန်အရှေ့ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာအရှေ့မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

ဘိုဂိုတာ မေ ၂၀

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘရူကာပြည်နယ်၌ မေ ၁၇ရက်က တိုက်ပွဲများ ဖြစ်ပွားရာ အစိုးရတပ်ဖွဲ့က သူပုန် ၁၅ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။

ဖော်ပြ

အဆိုပါဖမ်းဆီးရမိသူများသည် အစိုးရဆန့်ကျင်ရေးအဖွဲ့(အက်ဖ်အေအာရ်စီ)မှ သူပုန် ၁၂ဦးနှင့် အမျိုးသားလွတ်မြောက်ရေးအဖွဲ့(အီးအယ်လ်အင်န်)မှ သုံးဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်၌ ဖော်ပြသည်။

ယင်းတိုက်ပွဲနှင့် ပတ်သက်၍ အစိုးရတပ်ဖွဲ့က သူပုန်အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းလျက်ရှိသည်။

အက်ဖ်အေအာရ်စီသည် ၎င်းနိုင်ငံ၏ အကြီးမားဆုံးသော အစိုးရဆန့်ကျင်ရေးအဖွဲ့ဖြစ်သည်။ **(အင်တာနက်)**

ကျားသစ်ပေါက်သုံးကောင်

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ မွေးကင်းစလသားအရွယ် ကျားသစ်ပေါက်သုံးကောင်ကို မေ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာကာသခရီးစဉ်တစ်ခုအတွက် ဒေါ်လာ ၅၁သန်း ၂၀၁၂ခုနှစ်တွင် ရုရှားက နာဆာအား စတင်တောင်းခံမည်

မော်စကို မေ ၂၀

နိုင်ငံတကာ အာကာသစခန်းသို့သွားသည့် ခရီးစဉ်တစ်ခုအတွက် အမေရိကန် အာကာသယာဉ်မှူးများအား ၂၀၁၂ ခုနှစ်မှစတင်၍ ရုရှားက ခရီးစရိတ် အမေရိကန်ဒေါ်လာ ၅၁သန်း တောင်းခံမည်ဖြစ်ပြီး အာကာသခရီးသည်များအတွက် ထိုင်ခုံများ ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း ရုရှားသတင်းဌာနက မေ ၁၇ရက်တွင် ဖော်ပြသည်။

နာဆာကရုရှားလုပ်ဆိုယုဇ် အာကာသယာဉ်ကို ဆက်လက်အသုံးပြုရန် လိုအပ်နေသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်၏ အာကာသလုပ်ငန်းများကို ဆယ်စုနှစ် သုံးစုခန့်အထိ ဆောင်ရွက်ပြီး ပစ္စည်းများအစားထိုးရေး အစီအစဉ်မှာ ၂၀၁၄ခုနှစ် မတိုင်မီအထိ ပြီးစီးနိုင်မည်မဟုတ်သလို လာမည့်နှစ်တွင် အာကာသလွှန်းပြန် အစီအစဉ်ကို အနားပေးမည်ဖြစ်သည်။

ဖော်ပြ

ရုရှားက အာကာသယာဉ်သစ်တစ်စီး တည်ဆောက်ရန် စီစဉ်နေသော်လည်း သတ်မှတ်ချိန်ထက် နောက်ကျမည်ဖြစ်သည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

သဘောတူညီ

၂၀၁၂ခုနှစ်မှစတင်ပြီး ခရီးစဉ် တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၅၁သန်းပေးရန် ကိစ္စအပေါ် မိမိတို့က အမေရိကန်လုပ်ဖော်ကိုင်ဖက်များနှင့် သဘောတူညီထားသည်ဟု ရုရှားအာကာသစခန်း အကြီးအကဲဖြစ်သူ ပါမီနော့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ မော်တာဖြင့် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၉ရက်က တွေ့ရစဉ်။

(ယင်းပစ်ခတ်မှုကြောင့် တစ်နှစ်သားအရွယ်ကလေးငယ်တစ်ဦး သေဆုံးပြီး ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

ဓားကိုင်သောင်းကျန်းသူ ၁၀၀၀၀အား လန်ဒန်ရဲတပ်ဖွဲ့ ဖမ်းဆီး

လန်ဒန် မေ ၂၀

မြို့တော်ဝန်အဖြစ် လွန်ခဲ့သည့်နှစ် မေလက အရွေးခံခဲ့ရသည့်နောက် ဓားကိုင်သောင်းကျန်းသည့် ပြစ်မှုများကို နှိပ်ကွပ်လျက်ရှိရာ ဗြိတိန် ရဲတပ်ဖွဲ့က လန်ဒန်တွင် လူ ၁၀၀၀၀ အားဖမ်းဆီးပြီး ဓား ၅၀၀၀ကို သိမ်းဆည်းခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆက်လက်ပြောကြား

ဆယ်ကျော်သက်အရွယ်လူငယ်များ ဓားကိုင်သောင်းကျန်းမှုကြောင့် ဒဏ်ရာရသူဦးရေသည် လွန်ခဲ့သည့် ၁၂လအတွင်း သုံးပုံတစ်ပုံကျဆင်းခဲ့ပြီး လူငယ်အတွင်း ဓားအသုံးပြုသည့် ပြစ်မှုသည် လန်ဒန်မြို့တော်တွင် ၉ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု စကော့တလန် ရဲတပ်ဖွဲ့က ပြောကြားသည်။ ရှာဖွေမှုအကြိမ်ပေါင်း ၂၉၀၀၀၀ နီးပါးရှိခဲ့ပြီး ၁၀၂၆၆ဦး ဖမ်းဆီးခဲ့ကာ ဓား ၅၄၈၀ သိမ်းဆည်းခဲ့သည်ဟု ၎င်းရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

မြင့်မား

ဆယ်ကျော်သက်အရွယ်လူငယ်အတွင်း သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် လန်ဒန်မြို့တော်အတွင်း ဓားဖြင့်ဆက်နွှယ်သည့် ပြစ်မှုများမြင့်မားလာခဲ့သဖြင့် ဖော်ပြပါအတိုင်း နှိပ်ကွပ်မှု ပြုလုပ်ရခြင်းဖြစ်သည်ဟု သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့တော်ရဲတပ်ဖွဲ့က ထောက်လှမ်းရေးကို အကောင်းဆုံးအသုံးပြုသွားမည်ဟု တပ်မှူးမတ်ဆင်မွန်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်ခန်းစာအလုပ်ရုံဆွေးနွေးပွဲ

တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇နာရီက နေပြည်တော်ခရိုင် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်ပြသင်ခန်းစာ စာအုပ် များကို ခရိုင်ပညာရေးမှူးထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်များပေးအပ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်ပြသင်ခန်းစာ စာအုပ်များကို ခရိုင်ပညာရေးမှူးထံပေးအပ်စဉ်။ (သတင်းစဉ်)

တစ်ရွာတစ်ဧကကျေးရွာပိုင် သစ်တောစိုက်ခင်း စိုက်ပျိုးရန်တာဝန်ပေးအပ်

ညောင်တုန်း မေ ၂၀

ဧရာဝတီတိုင်း သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ညောင်တုန်းမြို့နယ်၌ ၂၀၀၉ခုနှစ် မိုးရာသီတွင် ကျေးရွာများ၌ တစ်အိမ်ထောင် ကျွန်း သုံးပင်၊ သစ်မာ ယူကလစ်အပင် ၂၀နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်သစ်တောစိုက်ခင်း၊ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ညောင်တုန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၁၈ရက် နံနက် ၁၀နာရီက ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြား ပြီး ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ပုသိမ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်က သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြား သည်။

ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်၊ ပုသိမ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် ညောင်တုန်းမြို့နယ် သစ်တောဦးစီးမှူး ဦးစိုးတင့်တို့က မိုးရာသီ သစ်ပင်စိုက်ပျိုးရေး တာဝန်ပေးအပ်လွှာများ ကို ကျေးရွာအုပ်စု ၁၂အုပ်စုမှ ကျေးရွာ ဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(အောက်ပုံ)**

စိုက်ပျိုး

ညောင်တုန်းမြို့နယ်တွင် ၂၀၀၉ခုနှစ် မိုးရာသီ၌ ကျေးရွာအုပ်စု ၁၂အုပ်စုမှ အိမ်ထောင်စု ၅၁၀၀တွင် ကျွန်းပင်၁၅၃၀၀ နှင့် သစ်မာပင်များစိုက်ပျိုးသွားမည့်အပြင် ကျေးရွာခြောက်ရွာမှ ခြောက်ဧကတွင် ယူကလစ် ၁၈၀၀အပါအဝင် ကျွန်းပင်၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် မဲဇလီ စုစုပေါင်း အပင်၂၃၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၅၂)**

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်



အသေးစားရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှု တိုးမြှင့်ရေး

ရေလုပ်သားများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေး

ဟင်္သာတ မေ ၂၀

ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ဒူးယားအင်းအတွင်း အသေးစားရေချိုငါး လုပ်ငန်း စီမံခန့်ခွဲမှုတိုးမြှင့်ရေးတွင် ရေလုပ် သားများ အတူပူးပေါင်းပါဝင်ဆောင် ရွက်ရန် တွေ့ဆုံခြင်းအခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၉နာရီက ဒူးယားအင်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင် ကိုလေးက အဖွင့်အမှာစကားပြောကြား ပြီး**(အပေါ်ပုံ)** အရှေ့တောင်အာရှငါး လုပ်ငန်းဖွံ့ဖြိုးရေးဗဟို အဖွဲ့မှ ညွှန်ကြား ရေးမှူးချုပ် Dr. Siri Ekmagaraj (ထိုင်းနိုင်ငံ)က ပူးပေါင်းဆောင်ရွက်မှု အကြောင်း ရှင်းလင်း ပြောကြားပြီး ဒူးယားအင်းသဘာဝရေပြင်တွင် ငါးများ ဥချသားဖောက်ရန် ဘေးမဲ့နေရာ သတ်မှတ် ဆိုင်းဘုတ်ကို ငါးလုပ်ငန်းဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင် ကိုလေး၊ အရှေ့တောင်အာရှ ငါးလုပ်ငန်း ဖွံ့ဖြိုး ရေးဗဟိုအဖွဲ့(SEAFDEC) ညွှန်ကြား ရေးမှူးချုပ် Dr. Siri Ekmagaraj (ထိုင်းနိုင်ငံ) နှင့် ဟင်္သာတခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။

နေ့လယ်ပိုင်းတွင် ရေလုပ်သားများ နှင့်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား၌ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းနှင့် ဒူးယားအင်းလုပ်ငန်းရှင် ဦးစောနိုးအာတို့က ဒူးယားအင်းတွင် ကျင့် သုံးသော ငါးလုပ်ငန်းဆိုင်ရာ အခြေခံ ယူဆ ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး (၂) ဦးဘသော်က မြန်မာနိုင်ငံ အင်းအိုင်ရေချို ငါးထုတ်လုပ်မှု လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ အရှေ့တောင်အာရှငါးလုပ် ငန်းဖွံ့ဖြိုးရေးဗဟိုအဖွဲ့ (SEAFDEC) မှ Dr. Yuttana Theparoonrat (ထိုင်းနိုင်ငံ)က ငါးများ ဥချသားပေါက် ရှင်သန်ကြီးထွားရန် ဘေးမဲ့နေရာသတ်မှတ် ခြင်းလုပ်ငန်းစဉ်များအကြောင်းကိုလည်း ကောင်း ဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေး ချက်များကို ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုး ရေးနှင့် သုတေသနဌာနခွဲမှ ဒုတိယညွှန် ကြားရေးမှူး ဦးခင်မောင်စိုးက ပြန်လည် ခြုံငုံ ဆွေးနွေးခဲ့ပြီးနောက် ဒေသခံရေလုပ် ငန်းလုပ်ကိုင်သူ အမျိုးသမီးများအား ငါး၊ ပုစွန်စီမံပြုပြင်ခြင်း နည်းစနစ်ပညာပေး သင်တန်းကို အဆိုပါအင်းနေရာတွင် ဆက်လက် သင်တန်းပေးဆောင်ရွက်ခဲ့ ကြောင်းသိရသည်။ **(၁၇၇)**

မိုးရာသီ ဇူလိုင်သစ်ပင်စိုက်ပျိုးရေးလအတွက် ရောင်စုံတရုတ်စံကားပင်များ ရောင်းချပေးနေ

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တစ်နှစ်ပြည့် မြောက်ပြီးသည့်နောက်ပိုင်း မုန်တိုင်းသင့်သစ်ပင်များနေရာတွင် လှပစွာပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် မိုးရာသီဇူလိုင် သစ်ပင်စိုက်ပျိုး ရေးလကို ဂုဏ်ပြုကြိုဆို၍ ရောင်စုံတရုတ်စံကားပင်များ အကြောင်းကို သစ်ပင်စိုက်ပျိုးရန် ဝါသနာပါသူများနှင့် အများပြည်သူများသိရှိရန် ရေးသားဖော်ပြလိုပါသည်။

ရောင်စုံတရုတ်စံကားပန်း။

သင့်လျော်

ရောင်စုံတရုတ်စံကားပင်များသည် အပူပိုင်းဒေသတွင် စိုက်ပျိုးရန်အသင့်လျော်ဆုံးဖြစ်သည်။ ဥယျာဉ်တိုင်းပြည်ဖြစ်သည် နှင့်အညီ မြန်မာနိုင်ငံတွင် ရောင်စုံတရုတ်စံကားပင်များ နေရာဒေသ အနှံ့အပြားစိုက်ပျိုးကြသော်လည်း နိုင်ငံတကာတွင် ခေတ်စားနေသော ရောင်စုံတရုတ်စံကားပင်များကို မိမိတို့နိုင်ငံ၌လည်း လှပအသုံးဝင်မှုကြောင့် နှစ်သက်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြလေ့ရှိသည်။

ထူးခြားချက်

အဆိုပါအပင်များ၏ ထူးခြားချက်များမှာ အပင်ဖွဲ့စည်းပုံလှပခြင်း၊ အပွင့်၏ဆွဲဆောင်မှုအားကောင်းခြင်း၊ ပန်းပွင့်တစ်မျိုးစီ၏ ထူးခြားသော ပန်းရနံ့များရှိခြင်း၊ အပွင့်၊ အခေါက်နှင့် အမြစ်တို့တွင် ဆေးဖက်ဝင်မှုရှိခြင်းတို့ကြောင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံ များတွင် ခေတ်မီကျယ်ပြန့်စွာ အများအပြား စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံမှာလည်း နှစ်သက်စွာဖြင့် ခေတ်မီလှပအောင် အများအပြားစိုက်ပျိုးနိုင်ရန်အတွက် နှစ်နှစ်သား ရောင်စုံတရုတ် စံကားပင်များကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းပန်းဆိုင်တွင် ထိုင်းနိုင်ငံမှ တိုက်ရိုက်တင်သွင်းလျက်ရှိရာ ယခင်က တစ်ပင်လျှင် ငွေကျပ် ၄၀၀၀၀ ဖြင့်ရောင်းချပြီး ယခုမေ ၂၀ ရက်မှ ဇွန် ၂၀ ရက်အထိ တစ်ဝက်လျှော့ချ၍ ကျပ် ၂၀၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။

သတ်မှတ်ကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ဝယ်ယူစိုက်ပျိုးလိုသူများအား အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးဆန်းလင်း ဖုန်း-၀၉-၅၅-၀၀၁၀၁ နှင့် ဒေါ်သီတာလွင် ဖုန်း-၀၉-၅၁-၀၂၄၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ ***(မြန်မာ့အလင်း)***

ရောင်စုံတရုတ်စံကားပန်း စိုက်ပျိုးထားသည်ကို ဤသို့တွေ့ရသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ကျော်ဆန်းမြင့် (တောင်ဥက္ကလာပ မြန်/ဆက်)

၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ပန္နက်ရိုက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သစ်တော ဦးစီးဌာနမှ ၂၀၀၉ခုနှစ် မိုးရာသီစုပေါင်း သစ်ပင် စိုက်ပျိုးပွဲတော် ကျင်းပရေးအတွက် ပန္နက်ရိုက်ပွဲကို မေ ၁၆ရက် နံနက် ၈နာရီ က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲ ကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီး လမ်းဘေးဝဲယာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ သစ်တောဦးစီးအရာရှိ ဦးအေး သန်း၊ အိုးအိမ်ဦးစီးအရာရှိ ဦးကျော်နိုင်ဌေး၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးအောင်နှင့် သစ်တောဝန်ထမ်းများက စုပေါင်းပန္နက်ရိုက် ကြသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း နာယက ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့ဝင်များ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေ ကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းကကြီးမှူး၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၁၈ရက်နံနက် ၁၀နာရီက အဆိုပါရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏နာယက အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်း၊ အသင်း၏အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ဇနီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၏ဇနီးများနှင့် သံရုံးအကြီးအကဲများ၏ဇနီးများ၊ အသင်းအဖွဲ့ဝင်များ၊ ရွှေသံလွင်ကုမ္ပဏီ နာယကနှင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် အဘိုးအဘွားများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း၏ နာယက အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးက အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ ရွှေသံလွင်ကုမ္ပဏီနာယက သီရိသုမေ္မသိင်္ဂီ၊ သီဟသုမေ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုမေ္မသိင်္ဂီ ဒေါ်နီက လက်ခံသည်။

ကျေးဇူးတင်စကား

ထို့နောက် အသက် ၇၅နှစ်ရှိ အဘွား ဒေါ်သင်းသင်းပုက ကျေးဇူးတင်စကားပြောကြားပြီး ရွှေသံလွင်ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများထံအလှူရှင်များက အလှူငွေနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့ မြို့ပတ်တာပေါင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စဉ့်ကူး မေ ၂၀

စဉ့်ကူးမြို့ကို မိုးတွင်းကာလ ဧရာဝတီမြစ်ဆိပ်မှဝင်ရောက်ပြီး လူနေရပ်ကွက်နေအိမ်များတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ပြုလုပ်ထားရှိသည့် မြို့ပတ်တာပေါင်ရိုး ချွတ်ယွင်းပျက်စီးနေမှုများကို ဒေသရန်ပုံငွေသုံးစွဲကာ မေ ၁၀ရက် နံနက် ၈နာရီက မြစ်ရေမဝင်ရောက်မီ ကြိုတင်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ အတွင်းရေးမှူး ဦးသန်းနွယ်နှင့် တာဝန်ရှိသူများ၊ တာပေါင်ကော်မတီများက လိုက်လံကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် မေ ၂၀

မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲကို မေ၁၈ရက်နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၇၆ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းသပြေစာကြည့်တိုက်သို့ စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော်တပ်ကုန်း မေ ၂၀

နေပြည်တော်တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု သပြေချောင်းကျေးရွာ ပန်းသပြေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေပေးအပ်ပွဲကို မေ ၆ရက် နံနက် ၉နာရီက ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းကလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေကလည်းကောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စာအုပ်နှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ် ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးကစာအုပ် ၁၀၀ လှူဒါန်းရာ စာကြည့်တိုက်အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူသည်။

လက်ခံ

ဆက်လက်ပြီး စာကြည့်တိုက် နာယကရွာဦးကျောင်းဆရာတော် ဦးစန္ဒိမာက ငွေကျပ်ငါးသောင်း၊ စာကြည့်တိုက် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်း၊ ဦးလှဝင်း၊ ဦးခင်မောင်ကြည်၊ ဦးမြင့်နိုင်ဦး၊ ဦးကျော်ဆန်းဦး၊ ဒေါ်နွင်းကြည်၊ ဒေါ်မြင့်မြင့်၊ စာကြည့်တိုက်မှူး ဒေါ်တင်နွဲ့နှင့်ဦးမောင်မောင်တို့က ငွေကျပ်လေးသောင်းစီ လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးဇေယျာထွန်းကလက်ခံယူသည်။

ထို့နောက် ဦးတင်ဖေ- ဒေါ်ရီရီမြင့် မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးမင်းသူ-ဒေါ်ခင်မာစမ်း မိသားစုက ငွေကျပ် ငါးသောင်း လှူဒါန်းကြရာ အလှူငွေကို ဦးမောင်မောင်က လက်ခံယူသည်။

သပြေချောင်းကျေးရွာ ပန်းသပြေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဘက်စုံ(၂)မှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ ပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၂၀စီဖြင့် ဆောက်လုပ်ခဲ့သော စာကြည့်တိုက် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဟုမ္မလင်း၌ ရှေးဦးသူနာပြု သင်တန်းဆင်း

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကြက်ခြေနီအသင်းက ဖွင့်လှစ်သော ကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၅/၂၀၀၉) ဆင်းပွဲ အခမ်းအနားကို ဟုမ္မလင်းမြို့နယ် ဓတောင်ပွင့်ကျေးရွာအုပ်စု ပါဝယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မေ ၁၃ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးငွေဦး တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ဘားအံ၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနီးရှိ သီရိကွင်းကြီး၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းပြောကြားပြီး သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက စွမ်းရည်ပြသခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို ပြသကြသည်။ **(၀၀၈)**

ခင်ဦးမြို့၌ ဝက်တုပ်ကွေးကာကွယ်ရေး ပညာပေး

ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခင်ဦးမြို့ မြကန်သာရပ်ကွက် ဓမ္မာရုံ၌ ဝက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၈ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြဟန်က ဝက်ခြံတည်ဆောက်ခြင်း၊ ဇီဝလုံခြုံမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေက စည်းကမ်းနှင့်အညီ မွေးမြူဆောင်ရွက်ရေးကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁)ဦးမျိုးမြင့်က လူတုပ်ကွေးရောဂါ A/H1N1 ဖြစ်ပွားပုံလက္ခဏာများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ (၁၈၂)

ဘိုင်အိုဘက်ထရီအသုံးချမှု ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၉ရက်က မြို့အနောက်ခြမ်း စံဖိတ်၊ မန်ပဲ၊ ဘော်ကြို၊ ကျင်သီ၊ လော်ခွန်၊ မန်ကျီ၊ အုံမုဒေသများသို့လည်းကောင်း၊ မေ ၁၁ရက်က အရှေ့ခြမ်း မြို့ဟောင်း၊ ပန်ဆောက်၊ ဆွန်လုံ၊ ကုန်းသာ၊ စံလောင်း၊ နောင်အန်၊ မိုင်းလင်း၊ ဆီဆုံဒေသရှိ တောင်သူလယ်သမားများနှင့် ကျေးရွာပြည်သူများအားတွေ့ဆုံ၍ ဘိုင်အိုဘက်ထရီ (ဇီဝဓာတ်ခဲ) ပြုလုပ်အသုံးချမှုနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။ **(၀၂၀)**

မြင်းမူ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကြက်ခြေနီကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို မေ ၈ရက် နံနက် ၇နာရီက မြင်းမူမြို့ ပြည်သူ့ဆေးရုံအတွင်း၌ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်းမော်၌ လူတုပ်ကွေးရောဂါ အသိပေးဆွေးနွေး

ကမ္ဘာ့လူတုပ်ကွေးရောဂါ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၆ရက် နံနက် ၁၀နာရီက ဇန်းမော်မြို့ ပြည်သူ့ဆေးရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြင့်ကြည်က ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ခရိုင်တိမွေးကုဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဦးမြင့်အေးက ကြက်၊ ဝက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရှေးဦးပြုစုခြင်း သင်တန်းဆင်း

ကမ္ဘာ့ကြက်ခြေနီနေ့နှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲကို မေ ၈ရက်က ကျောက်မဲမြို့ အထက(၂)ပတ္တမြားခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်လွင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်ပြီး မြို့နယ်ကြက်ခြေနီအသင်းနှင့်ကြက်ခြေနီတပ်ဖွဲ့သို့ ဒုတိယရဲမှူးကြီး စိန်လွင်နှင့်ဇနီး ဒေါ်ခင်စောအေး မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးမူတို့က လက်ခံယူကြသည်။

(မြို့နယ်ကြက်ခြေနီအသင်း)

စဉ့်ကူးမြို့၌ သတင်းစာနှင့်ဂျာနယ်များ လှူဒါန်း

စဉ့်ကူးမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်များ တိုးပွားရေးတို့အတွက် မေ ၁၂ရက် နံနက် ၁၀နာရီက အလှူရှင် အောင်လံမြို့နယ် ဆာမိကုန်းရပ်ကွက် ပြည်လမ်းနေ ဦးအေးမြင့်-ဒေါ်ကြည်တင့်(သား) တပ်ကြပ်ခင်မောင်မြင့်တို့က ငွေကျပ် ၆၆၂၀၀တန်ဖိုးရှိ သတင်းစာနှင့်စာအုပ်စာစောင်များ၊ မန္တလေးမြို့ ချမ်းသာရထုံးကုန်း ဦးတင်-ဒေါ်တင်မိသားစုက ငွေကျပ် ၂၆၁၀၀တန်ဖိုးရှိ စာအုပ်စာစောင် ၈၇အုပ်တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ထွန်းစန္ဒာလင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေသက်ကြီးပူဇော်ပွဲ နေပြည်တော် ပျဉ်းမနား၌ကျင်းပ

နေပြည်တော်ပျဉ်းမနား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာပေသက်ကြီး ပူဇော်ပွဲအခမ်းအနားကို မေ ၁၀ရက် နံနက် ၈နာရီက မြို့မဈေးကြီးအပေါ်ထပ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ကျင်းပရာ တက်ရောက်လာသူများက ငွေနှင့်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ (၀၁၄)

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr.John William Yettaw တို့အား

တတိယနေ့အဖြစ် အမှုဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၀

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw တို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုကို ယနေ့ တတိယနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ရှာဖွေသိမ်းဆည်း

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုတွင် တရားလိုပြသက်သေ သတင်းတပ်ဖွဲ့ (ပြည်ပရေးရာဌာန)မှ ဒုတိယရဲမှူး စကျော်ဝင်းကို စစ်ဆေးရာ ၄င်းသည် အထက်မှ တာဝန်ပေး ညွှန်ကြားချက်အရ မေ ၆ရက် နံနက် ၁၀နာရီ ၅မိနစ်ခန့်တွင် Mr. John William Yettaw တည်းခိုနေထိုင်သည့် ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၃၃လမ်း၊ အမှတ်(၁၈၈/၁၉၂) ရှိ ဗျူးတီးလဲန်း(၂)ဟိုတယ်သို့ သွားရောက်ခဲ့ကြောင်း၊ Mr.John William Yettaw တည်းခိုသည့် အဆိုပါဟိုတယ်၏ ငါးထပ်ရှိ ဒိုင်းမွန်း အမည်တပ်ထားသောအခန်းသို့ သက်သေ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့် ရာအိမ်မှူး ဦးဌေးဦးတို့နှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း၊ အဆိုပါ အခန်းအတွင်းတွင် Mr. John William Yettaw ၏ ကျောပိုးအိတ် အမည်းရောင်တစ်လုံးကို တွေ့ရှိရပြီး ယင်းအိတ်ကို သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ ပစ္စည်း ၆၁ မျိုးကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းရှာဖွေတွေ့ရှိသည့် ပစ္စည်းများကို အဆိုပါ ဟိုတယ်မှ မန်နေဂျာ ဦးကျော်သူက ဟိုတယ်တွင် ပေးအပ်ကြောင်း၊ Mr. John William Yettaw အား စစ်ဆေးရာတွင် အဆိုပါပစ္စည်းများကိုပြသပြီး ၄င်း၏ ပစ္စည်း ဟုတ်/မဟုတ် မေးမြန်းခဲ့ကြောင်း၊ ၄င်းက ဟုတ်မှန်ကြောင်း ပြောကြားပြီး ၄င်းကိုယ်တိုင်ပင် လက်မှတ်ရေးထိုးပေးကြောင်း၊ Mr. John William Yettaw က ယင်းပစ္စည်းများအပြင် ၄င်းတည်းခိုနေသော ဟိုတယ်အခန်းအတွင်းရှိ တယ်လီဖုန်းစာအုပ်ထဲ၌ အမေရိကန်ဒေါ်လာ ၁၀၀ တန် သုံးရွက်လည်း ရှိသေးသည်ဟု ပြောပြသဖြင့် ထိုနေ့ညနေ ၆ နာရီ မိနစ် ၂၀တွင် အဆိုပါဟိုတယ်သို့ ဒုတိယအခေါက် သွားရောက်ကာ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း၊ Mr. John William Yettaw ပြောသည့်အတိုင်း တယ်လီဖုန်းစာအုပ်ထဲမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် သုံးရွက် တွေ့ရှိပြီး မန်နေဂျာ ဦးကျော်သူက ပေးအပ်သဖြင့် မိမိက သိမ်းဆည်းခဲ့ကြောင်း၊ ရှာဖွေပုံစံ၌ Mr. John William Yettaw က ၄င်းကိုယ်တိုင်ရေးသားပြီး လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားကြောင်း သိရှိရသည်။

လိုက်လံပြသ

မွန်းလွဲပိုင်းတွင် တရားလိုပြသက်သေ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းကို ဆက်လက်စစ်ဆေးရာ ၄င်းသည် မေ ၇ရက် နံနက် ၇နာရီ မိနစ် ၂၀ တွင် ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင်၊ ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညွှန့်တို့နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၅၄/၅၆) ၌ရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ဝင်ရောက်ရာတွင် ဗဟန်းမြို့နယ်တရားသူကြီး၏ အိမ်ရှာဝရမ်းဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ထံ ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုသဖြင့် မိမိတို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့က ဒေါ်အောင်ဆန်းစုကြည်အား ဝရမ်းကို ပြသပြီးနောက် Mr. John William Yettaw ၏ ဓာတ်ပုံကိုပြသရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw အား သိပါသည်ဟု ပြောဆိုခဲ့ကြောင်း၊ မိမိတို့က Mr. John William Yettaw သည် အိမ်ကို ရောက်ရှိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw သည် မေ ၄ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး မေ ၅ရက် ညပိုင်းတွင် ပြန်သွားသည်ဟု ပြောပြခဲ့ကြောင်း၊ Mr. John William Yettaw ၏ ပစ္စည်းများ ကျန်ရစ်ခဲ့သည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အား ပြောပြကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ကျန်ရစ်ခဲ့သည့်ပစ္စည်းများကိုပြသရာ ပစ္စည်းတစ်ခုချင်းစီကို ထုတ်ယူကြည့်ရှုပြီး စာရင်းကောက်ယူခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ပထမတစ်ခေါက်လာရောက်စဉ်က ကျန်ရစ်ခဲ့သော စာအုပ်များလည်း ကျန်ရှိသေးကြောင်း ပြောဆိုပေးအပ်သဖြင့် အဆိုပါစာအုပ်များကို သိမ်းဆည်းခဲ့ကြောင်း၊ မိမိက အခြား ဘာပစ္စည်းများ ကျန်ရစ်ခဲ့ပါသေးသလဲဟုမေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ၏သမီး ရေးသားပို့သည့် စာများ ကျန်ရှိသေးကြောင်း၊ ထိုစာရွက်များကို စုတ်ဖြဲထားပြီးဖြစ်ကြောင်း ပြောဆိုကာ အဆိုပါစာများကို စက္ကူအိတ်ဖြင့် ထည့်၍ပေးအပ်သဖြင့် ရှာဖွေပုံစံတွင် စာရင်းရေးသွင်း သိမ်းဆည်းခဲ့ကြောင်း၊ မိမိသိမ်းဆည်းသည့်ပစ္စည်းများမှာ မွတ်ဆလင်အမျိုးသမီးများ ဝတ်ဆင်သော ခေါင်းစွပ်ပါ အနက်ရောင်နှစ်ထည်၊ မျက်နှာကိုစည်းသည့် အနက်ရောင်ပဝါ နှစ်ထည်၊ စကတ်အရှည် နှစ်ထည်၊ အနီရောင်ဓာတ်မီး တစ်လက်၊ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော ဖယောင်းရောင်စုံခဲတံ ခြောက်ချောင်း၊ နေကာမျက်မှန် သုံးလက်၊ ကြိုးနှင့်ဆိုင်း၍ စည်းရသည့် (နဖူးတွင်တင်၍ သုံးစွဲသောပစ္စည်း) မီးအချက်ပြ နှစ်ခု၊ ရေကူးရာတွင် အသုံးပြုသည့် မျက်မှန်တစ်လက်၊ နှစ်ပင်ပလတ်ခေါင်းတစ်ခု၊ ဆားကစ်ကြိုး နှစ်ချောင်း၊ အားသွင်းစက်တစ်ခု၊ နားကြပ်တစ်ခု၊ ယင်းပစ္စည်းများထည့်ထားသည့် အနက်ရောင်ဇစ်ပါအိတ်၊ ဇစ်ပါသည့် ပလတ်စတစ်အိတ်တစ်ခု၊ မီးခိုးရောင် သိုးမွေး ခြေအိတ် နှစ်စုံ၊ အင်္ဂလိပ်စာအုပ် အပိုင်းငါးပိုင်းနှင့် စုတ်ဖြဲထားသည့် စက္ကူများထည့်ထား သည့် အိတ်တစ်အိတ်တို့ကို သိမ်းဆည်းခဲ့ကြောင်း၊ အဆိုပါပစ္စည်းများကို အပ်ပေးသူအဖြစ် ဒေါ်အောင်ဆန်းစုကြည်က ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးပြီး ဒေါ်အောင်ဆန်းစုကြည်က သက်သေများရှေ့တွင် ကျွန်မတွင် တာဝန်ရှိကြောင်း၊ တာဝန်ယူပါသည်ဟု ပြောဆိုခဲ့ကြောင်း၊ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw အိပ်ခဲ့သည့်နေရာသို့ မိမိတို့ကို လိုက်လံပြသကြောင်း၊ မိမိက Mr. John William Yettaw သည် မွတ်ဆလင် အမျိုးသမီးဝတ်စုံ အဝတ်အထည်များကို ဘာကြောင့်ထားခဲ့သလဲဟု ဒေါ်အောင်ဆန်းစုကြည်အား မေးမြန်းခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါ မွတ်ဆလင်အမျိုးသမီးဝတ်စုံများကို ၄င်းအား လက်ဆောင်အဖြစ် Mr. John William Yettaw က ထားခဲ့ခြင်းဖြစ်သည်ဟု ပြောပြထွက်ဆိုသည်။

ရှင်းလင်းထွက်ဆို

သက်သေခံပစ္စည်းများအနက် မွတ်ဆလင်အမျိုးသမီးဝတ်စုံနှစ်စုံကို မအေးသရဖူကျော်နှင့် မဖြိုးပပအောင်တို့အား တရားခွင်ရှေ့တွင် ဝတ်ဆင်စေပြီး ထိုသို့မွတ်ဆလင်အမျိုးသမီးဝတ်စုံနှင့် နေကာမျက်မှန်ကို ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ဟု သိနိုင်ခြင်း ရှိ/မရှိ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက တရားလိုပြသက်သေ ဒုတိယရဲမှူးတင်ဇော်ထွန်းအား မေးမြန်းခဲ့ရာ တရားလိုပြသက်သေက ထိုသို့ မွတ်ဆလင်အမျိုးသမီးဝတ်စုံကို နေကာမျက်မှန်ဖြင့် ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ကို သိနိုင်မည်မဟုတ်ကြောင်းကိုလည်း ရှင်းလင်းထွက်ဆိုသွားသည်။

တရားလိုပြသက်သေ ဒုတိယရဲမှူးတင်ဇော်ထွန်းအား အဓိကစစ်မေးပြီးနောက် ၄င်းအား ပြန်လှန်စစ်မေးရန် အမှုကို မေ၂၁ရက် နံနက်၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ကျောင်းသား ကျောင်းသူများ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရောဝတီတိုင်းများသို့ ကွင်းဆင်းလေ့လာ

ရန်ကုန် မေ ၂၀

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဘာသာရပ်၏ သင်ရိုးညွှန်းတမ်းအရ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရောဝတီတိုင်းတို့ အတွင်းရှိ ၃၅မြို့နယ်သို့ အဖွဲ့များခွဲ၍ ကွင်းဆင်းလေ့လာရေး သွားရောက်ကာ မြို့နယ်နှင့် ကျေးလက်ကျန်းမာရေးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ခြင်း လုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို လေ့လာခြင်းနှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းတို့ကို မေ ၂၉ရက်အထိ ဆောင်ရွက်ကြမည်ဖြစ်သည်။ မေ ၁၅ရက်နှင့် ၁၈ရက်တို့တွင် ပန်းတနော်၊ ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်၊ ဒိုက်ဦး၊ ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်များရှိ ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာစန်းစန်းမြင့်အောင်နှင့်အဖွဲ့က လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(ဝဲပုံ) (ဆေး-၂)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလုတိုး

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံ မျိုးကွဲနေ့

၂၀၀၉ခုနှစ် မေလ ၂၂ ရက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲ လမ်းမတော်မြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၂၀

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ကြိုတင်အသိပေး ဟောပြောပွဲကို မေ ၁၈ရက် နံနက် ၁၀နာရီခွဲက လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးသီတာဝင်းက လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းဆိုင်ရာများကို အသိပေး ရှင်းလင်းတင်ပြသည်။

အဆိုပါဟောပြောပွဲသို့ လမ်းမတော်မြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ တက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

မေ ၁၆ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်(ကျောက်ရေတွင်း) အောင်ဇေယျလမ်းနှင့် မင်းရဲကျော်စွာလမ်း ကျောက်ချောကတ္တရာလမ်း ခင်းကျင်းနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၁၁)

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

ဘရာဇီးမြောက်ပိုင်း အေနာမာမြို့တွင် ရေလွှမ်း ၄၄ ဦးသေဆုံး၊ ၃၀၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့

အေနာမာ မေ ၂၀

ဘရာဇီးနိုင်ငံမြောက်ပိုင်း အေနာမာမြို့တွင် မေ ၂၀ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံ ၄၄ဦး သေဆုံးခဲ့ကြောင်း ဘရာဇီးနိုင်ငံ မြို့ပြလုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

မြေပြိုမှုများဖြစ်ပွား

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း၊ နေအိမ်များ ရေလွှမ်းမှုကြောင့် ပြည်သူ၃၀၀၀၀၀ကျော် ရေဘေးဒုက္ခ ကြုံတွေ့ရလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေး လုပ်ငန်းများ အရေးပေါ် ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

■ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့ ဧည့်ရိပ်သာ၌ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ၊ ကားလမ်း၊ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းများနှင့် လေယာဉ်ကွင်းတိုးချဲ့ရေး စီမံကိန်းစသည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရရှိလာသည့် အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများအား အသုံးချ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ သံတွဲမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား သံတွဲလေဆိပ် ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲ လေဆိပ် လေယာဉ်ပြေးလမ်းအား မူလပေ (၅၅၀၀X ၁၀၀)မှ ပထမအဆင့်အဖြစ် ပေ (၇၀၀၀ X ၁၀၀) အဖြစ် တိုးချဲ့နေမှုလုပ်ငန်းများဖြစ်သော မြေဖို့ခြင်း၊ မြေဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်တွေလေဆိပ်တွင် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည် ၁၁ ဒသမ ၄၆ မိုင်ရှိ စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ပြည်တော်သာဘူတာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲသော အထူးရထားဖြင့် လိုက်ပါစီးနင်းကြသော ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေဘူတာ၌ ခင်းကျင်းပြသထားသည့် ရထားလမ်းဖောက်လုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုသို့ အထူးရထားဖြင့် ဆက်လက် ထွက်ခွာခဲ့ကြရာ ရေချမ်းပြင်ဘူတာသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေချမ်းပြင်ဘူတာ၌ ဒေသခံရပ်မိရပ်ဖများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ တိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့်ရှုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အောင်မြင်စွာဖွင့်လှစ်နိုင်

ယခုဖွင့်လှစ်ခဲ့သည့် စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်)လမ်းပိုင်းကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ မေ ၁၃ရက်တွင် ပြီးစီးခဲ့ပြီး မေ ၁၉ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းတွင် တံတားကြီးငယ်ပေါင်း ၂၁ စင်း၊ ဘလောက်ဘူတာပေါင်း သုံးဘူတာ၊ ရပ်စခန်းဘူတာ သုံးဘူတာ ပါဝင်သည်။

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်ရှိခဲ့ပြီး ယခုဖွင့်လှစ်ခဲ့သည့် စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်) လမ်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၂၆၁ ဒသမ ၇၀မိုင် ထပ်မံတိုးချဲ့ဖောက်လုပ်နိုင်ခဲ့ရာ ယခုအခါ ရထားလမ်း မိုင်အရှည် စုစုပေါင်း ၃၂၃၈ဒသမ၀၅မိုင်၊ ဘူတာပေါင်း ၈၂၁ ဘူတာအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ သံတွဲမြို့နယ် နန်းချောင်းကျေးရွာ ဒို့အလင်း စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြစဉ်။ (သတင်းစဉ်)

လိုက်ပါစီးနင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တော်သာဘူတာမှ စတင်ထွက်ခွာသည့် ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲသော အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားပေါ်၌ အတူလိုက်ပါစီးနင်းကြသော ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် စီးနင်းလိုက်ပါလာသော အထူးရထားသည် စစ်တွေဘူတာသို့ ဆိုက်ရောက်လာရာ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေဘူတာ၌ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရပ်မိ ရပ်ဖများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တပျော်တပါးသီဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေဘူတာမှ အထူးရထားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ရထားပေါ်၌ အတူစီးနင်းလိုက်ပါခဲ့ကြသော စစ်တွေမြို့မှ မူလတန်းကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်၊ ကမ္ဘာမကျေ၊ မြန်မာ့ကျောင်း သီချင်းများအား တပျော်တပါး သီဆိုကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲမြို့နယ် နန်းချောင်းကျေးရွာ ဒို့အလင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်

ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန်ရည်ရွယ်၍ ၂၀၀၉ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ကျင်းပပြုလုပ်သွားပါမည်။ ဆောင်းပါးပြိုင်ပွဲကို **“မြန်မာအမျိုးသမီးဘဝ မြှင့်တင်မှုလူမှုဘဝဖွံ့ဖြိုးရ”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“သိမ်မွေ့လှပ မြန်မာအမျိုးသမီးဘဝ”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုအစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ×၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန်၁၉ရက် ညနေ ၄နာရီနောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန်၂၀ရက် ညနေ ၄နာရီနောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူးဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်ကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် မေ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်မြေခံတပ်ရင်းရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၀၉ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်ကို အဆိုပါစိုက်ခင်း၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဘိုင်အိုဒီဇယ်ဆီ

ယင်းနောက် ခရိုင်စိုက်ပျိုးရေးမန်နေဂျာက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ဘိုင်အိုဒီဇယ်ဆီ ထုတ်ယူခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်တပ်မတော်အရာရှိကြီးများက ဌာနဆိုင်ရာများနှင့် စစ်သည်မိသားစုများအား ခြံစည်းရိုးကြက်ဆူပင်မျိုးထုပ်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများနှင့် စစ်သည်မိသားစုများ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြသထားသည့် ခြံစည်းရိုးကြက်ဆူပင်၊ အသီး၊ အစေ့နှင့်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သန်မြန်သူမော်တော်ယာဉ်လိုင်း ကြီးကြပ်ရေးကော်မတီဌာန(၃) သန်မြန်သူ(၈၀)ယာဉ်လိုင်း လမ်းကြောင်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ရက်က တောင်ဥက္ကလာပမြို့နယ် ရတနာလမ်း (ဘဝမြင့်) (၈၀)ယာဉ်လိုင်းဂိတ်ရင်း၌ ကျင်းပရာ သန်မြန်သူမော်တော်ယာဉ်လိုင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သိန်း (ငြိမ်း)က မော်တော်ယာဉ်လိုင်းသစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (၁၂၁)

လူတုပ်ကွေးရောဂါအကြောင်း အသိပေးဆွေးနွေးပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျင်းပသော လူတုပ်ကွေးရောဂါအတွက်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပေးဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မေ၁၅ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်မူမြင့်က လူတုပ်ကွေးရောဂါအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဒေါ်ခင်နွဲ့ရီက ဝက်တွင်ဖြစ်တတ်သော ဝက်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းဟောပြောသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာများမှ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ၏ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၏ လူမှုရေးနှင့် စီးပွားရေးဘဝ တိုးတက်လာစေရေးအတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်သွားရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ဆောင်ရွက်နေသော ရထားလမ်းသစ် စီမံကိန်းများမှာ ကြံခင်း-ပခုက္ကူရထားလမ်း မိုင်၃၂၀၊ ကသာ-ဗန်းမော် ရထားလမ်း ၉၅မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ၉၅မိုင်၊ နမ့်စန်-ကျိုင်းတုံရထားလမ်း ၂၃၆မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း မိုင် ၁၅၀၊ စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ၂၅၇မိုင်တို့ ဖြစ်သည်။

ဒို့အလင်းစာကြည့်တိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ကြသော တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၁၈ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့နယ် နန်းချောင်းကျေးရွာ ဒို့အလင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သံတွဲမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းနှင့် နန်းချောင်းကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဒို့အလင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ငါးရပ်ကို ဆွေးနွေးမှာကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဒို့အလင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားကြသည်။

(သတင်းစဉ်)

စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

* *ကျောဖုံးမှ*

နားထောင်ခွင့်ပြု

နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံတမန် ၂၉ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ

အသင်းမှ အသင်းဝင် သတင်းထောက်ငါးဦးနှင့် ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ငါးဦးတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက စစ်ဆေးကြားနာလျက်ရှိသည့် ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉ နှင့် ၄၉/၂၀၀၉ အမှုတရားခွင်သို့ လာရောက်လေ့လာ ခွင့်ပြုပါရန် လျှောက်ထားတင်ပြခဲ့သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂နှင့် တရားရုံးလက်စွဲအပိုဒ် ၄၈(၁)အရ တရားခွင်အတွင်း ဘေးအန္တရာယ် ဖြစ်စေတတ်သော လက်နက်များကိုင်တွယ် ယူဆောင်လာခြင်းမပြုရ၊ သတ်မှတ်နေရာများမှ အပ အခြားနေရာများသို့ သွားလာဝင်ထွက်ခြင်းမပြုရ၊ တရားခွင်အတွင်း အမှုသည်များနှင့် တွေ့ဆုံစကားပြောဆိုခြင်း၊ အသံဖမ်းယူခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်း မပြုရဟူသော ကန့်သတ်ချက်များဖြင့် ဝင်ရောက်ကြည့်ရှုနားထောင်ခွင့်ပြုခဲ့သည်။

ကြည့်ရှုလေ့လာ

ယင်းသို့ ခွင့်ပြုချက်အရ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် စစ်ဆေး ကြားနာမှုကို ဆက်လက်ပြုလုပ်စဉ် ရန်ကုန်မြို့ရှိ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်တို့ စုစုပေါင်း ၂၉ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင် သတင်းထောက်ငါးဦး၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ငါးဦးတို့သည် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ လာရောက်ကြပြီး

ကြည့်ရှုလေ့လာ

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ တတိယနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာမှုကို ကြည့်ရှုလေ့လာခဲ့ကြသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များအား တွေ့ရစဉ်။

(သတင်းစဉ်)

သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ဆားဘီးယားသမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်ဆိုရှယ်လစ်

တရားလိုပြသက်သေ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းအား စစ်ဆေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံ

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်အား မွန်းလွဲ ၂နာရီ၁၅မိနစ်မှ မွန်းလွဲ ၂နာရီ မိနစ်၄၀အထိ အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ စင်ကာပူ သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များသည် သွားရောက် တွေ့ဆုံကြသည်။

တတိယနေ့ စစ်ဆေးကြားနာမှု အပြီးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ပြန်လည်ထွက်ခွာသွားသော ဒေါ်အောင်ဆန်းစုကြည်အား တွေ့ရစဉ်။

(သတင်းစဉ်)

ထိုသို့ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က သူမ၏ကျန်းမာရေး ကောင်းမွန်ပါကြောင်း၊ တာဝန်ရှိသူများက နေရေးထိုင်ရေး အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးပါကြောင်း၊ သူမ၏ နေအိမ်ခြံဝင်း အတွင်းသို့ Mr.John William Yettaw ကျူးကျော် ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သူမ အနေဖြင့် လူသားချင်းစာနာမှုအရ ကူညီမှုပေးခဲ့ပြီး ၎င်း Mr.John William Yettaw အနေဖြင့် တရားဥပဒေအရ အရေးယူခံရမည်သာဖြစ်ကြောင်း စသည်ဖြင့် သံတမန်များအား ပြောကြားခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်

ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ ထားရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက် အကျဉ်းဦးစီးဌာန ဆေးမှူးချုပ်နှင့် ဆရာဝန်များက နေ့စဉ်အနီးကပ်ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင်လည်း အကျဉ်းဦးစီးဌာနမှ ဆရာဝန်ကြီးများအပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကု ဆရာဝန်ကြီးနှစ်ဦး၊ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးတစ်ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်း အတွင်းသို့ အမေရိကန်နိုင်ငံသား Mr.John William Yettaw မေ ၃ ရက်မှ ၅ရက်အထိ ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လေးဦးတို့အား စစ်ဆေးကြားနာနေဆဲဖြစ်သည်။

(သတင်းစဉ်)

ဒေါ်အောင်ဆန်းစုကြည်အား ထားရှိသည့် အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက်မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော် (တပ်ကုန်း)တွင် ၂ဒသမ၅၂လက်မ၊ နေပြည်တော် (ရေဆင်း)တွင် ၀ဒသမ၉၅ လက်မ၊ နေပြည်တော် (သပြေကုန်း)တွင် ၀ဒသမ၇၁လက်မ၊ နေပြည်တော် (ပျဉ်းမနား)တွင် ၀ဒသမ၆၇လက်မ၊ကျိုက္ကမီမြို့တွင် ၂ဒသမ၂၈လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ ၅၇လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ၄၁လက်မ၊ ကော့သောင်းမြို့တွင် ၁ဒသမ၃၈လက်မနှင့် ကော့ကရိတ်မြို့တွင် ၁ဒသမ ၂၂လက်မတို့ ဖြစ်ကြသည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

● **ကျောဖုံးမှ**

ရည်မှန်းချက်

ရခိုင်ပြည်နယ် အတွင်းမှာ နှစ်စဉ် စီမံကိန်းရည်မှန်းချက်နဲ့ အညီ သစ်တော စိုက်ခင်းများအား တည်ထောင်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း စီးပွားရေး (ကျွန်း)စိုက်ခင်းဧက ၁၃၅၀၊ စီးပွားရေး (ပျဉ်းကတိုး)စိုက်ခင်း ဧက ၁၀၀၀၊ (ဒီရေတော)စိုက်ခင်း ဧက၂၅၀ စုစုပေါင်း ဧက ၂၆၀၀ တည်ထောင်စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။

သစ်တော ထိန်းသိမ်းမှုလုပ်ငန်းများ၊ သစ်တောစိုက်ခင်း ဧကတိုးချဲ့ခြင်း၊ ကြိုးဝိုင်း နယ်နိမိတ် မိုင်၇၀ ပြင်ဆင်ခြင်း၊ အကွယ်နယ်နိမိတ် မိုင်၆၀ပြင်ဆင်ခြင်း၊ သစ်တောစိုက်ခင်း၁၄၀၀၅ဧကကို မီးဘေးကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်ဟု ၎င်းကဆက်လက် ရှင်းပြသည်။

မှတ်တမ်းတင်

သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကို နှစ်စဉ် စီးပွားရေး စီမံကိန်း ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် ခုနှစ်လအတွင်း ငွေကျပ် ၇၄၅သိန်းကျော် ရှာဖွေနိုင်ခဲ့၍ သစ်တော ဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့်၏ ကြိုးပမ်းမှုကို မှတ်တမ်းတင်ရမည်ဖြစ်သည်။

အပင်များရှင်သန်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖြစ် စီးပွားရေး (ကျွန်း)စိုက်ခင်းများ မောင်တောမြို့နယ်တွင် ဧက ၃၀၊ ပျိုးပင်၃၀၀၀၀၊ ဘူးသီးတောင်မြို့နယ်တွင် ဧက၂၀၊ ပျိုးပင် ၈၀၀၀ ကို စိုက်ပျိုးခဲ့ပြီး မိုးရာသီတွင် ကျွန်း၊ ပျဉ်းကတိုး၊အော်ရီးရှားနှင့် ကြက်ဆူပင်များ ဒေသခံပြည်သူများကိုအခမဲ့ပေးဝေစိုက်ပျိုးရာ ယခုအခါ အပင်များ ရှင်သန်လျက်ရှိသည်ကို မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ ရောက်ရှိစဉ်က မြင်တွေ့ခဲ့ရသည်။

၂၀၀၇-၂၀၀၈ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ငါးနှစ် စီမံချက်များရေးဆွဲ၍ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး လုပ်ငန်းများကို ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ တောင်ကုတ်နှင့် ၇မြို့နယ် ခုနှစ်မြို့နယ်တွင် ဆောင်ရွက်ရမည်ဖြစ်ပြီး သစ်တောများကျဲပါးသည့်နေရာများ၊ တောပျက်ဖုန်းဆိုးတောများတွင် သစ်တောစိုက်ခင်းများကို တည်ထောင်လျက်ရှိရာ ၁၉၈၁-၈၂ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ သစ်တော စိုက်ခင်းများ တည်ထောင်မှု အနေဖြင့် စီးပွားရေး (ကျွန်း) စိုက်ခင်း ၄၀၅၁၇ ဧက၊ စီးပွားရေး (ပျဉ်းကတိုး) စိုက်ခင်း ၂၅၀၃၁ ဧက၊ ကျေးရွာသုံး စိုက်ခင်း ဧက ၈၂၆၀၊ ဒီရေတော စိုက်ခင်း ဧက ၉၀၀နှင့် ရေဝေရေလဲ စိုက်ခင်း ဧက ၃၅၀ စုစုပေါင်း ၇၅၀၅၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

သစ်တောဥပဒေ

ရခိုင်ပြည်နယ်အတွင်း သဘာဝသစ်တောများကို ပျက်စီးလျော့နည်းခြင်းမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်း၊ သဘာဝတောများကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းပြီး သစ်တောဥပဒေများဖြင့်ကာကွယ်ခြင်းအပြင် သစ်တောပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ သဘာဝပေါက်ရောက်မှု ကောင်းမွန်သည့် ဧရိယာများတွင် အဖိုးတန် သစ်မျိုးများကို သဘာဝမျိုးဆက်ခြင်း ကောင်းမွန်စေရန် ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ လက်ရှိတောတန်ဖိုး တက်လာစေရန် ကျွန်း၊ ပျဉ်းကတိုး ပျိုးပင်များကို ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းဖြင့် သဘာဝတော တန်ဖိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ဓမ္မတာမျိုးဆက်ခြင်း ဧက ၆၀၀ နှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက၂၀၀တို့ကို ဆောင်ရွက် နိုင်ခဲ့သည်။

အဖိုးတန်သစ်ပင်များ

ဒီရေတော စိုက်ခင်းများအား ၂၀၀၆-၂၀၀၇ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့ရာ ၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ် အထိ ဒီရေတော စိုက်ခင်း ဧက ၉၀၀ကို ရမ်းဗြဲ၊ မောင်တော မြို့နယ်များတွင် တည်ထောင်စိုက်ပျိုးခဲ့သည်။ ရခိုင်ပြည်နယ်၏ ဧရိယာ ၄၆ဒသမ၆၄ရာခိုင်နှုန်းကို သစ်တော ဖုံးလွှမ်းသဖြင့် ရခိုင်ပြည်နယ်သည် ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ ကညောင်း၊ ပျဉ်းမ၊ သင်္ကန်း စသည့် အဖိုးတန်သစ်ပင်များ၊ အုန်း၊ ကွမ်း၊ တညင်း၊ ရော်ဘာ၊ သီဟိုဠ်နှင့်အခြားစားသုံးပင်များ ပေါက်ကာ ဖြစ်ထွန်းလျက် ရှိသဖြင့် တောအုပ်ကြီး၏ အလယ်တွင် ရခိုင်ပြည်နယ်၏ အလှကား ပန်းသင့်လျက်ရှိသည်။

> **"သစ်တော စိုက်ခင်းများကို ကြိုးဝိုင်းကြိုးပြင် ကာကွယ် ဆောင်ရွက်နေပါတယ်"**
>
> ဦးသန်းမြင့်
> ဒုတိယညွှန်ကြားရေးမှူး
> သစ်တောဦးစီးဌာန

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သစ်တောပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သစ်တော ဦးစီးဌာနတစ်ခုတည်း၏ စွမ်းဆောင်ကြိုးပမ်းမှုဖြင့် မလုံလောက်ပေ။ ဒေသခံပြည်သူများ၏ ရှင်သန် နိုးကြားသော အသိစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်စွာသစ်တောများကိုကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်လျှင် မိုးအောက် မြေပြင်တွင် ရခိုင်ပြည်နယ်ကြီး၏ အလှကား ထာဝရလှပနေမည်သာ ဖြစ်ပါတော့သည်။ ။

> **ဒီရေတောစိုက်ခင်းများအား ၂၀၀၆-၂၀၀၇ ခုနှစ်မှစတင်၍ တည်ထောင်ခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ဒီရေတော စိုက်ခင်း ဧက ၉၀၀ကို ရမ်းဗြဲ၊ မောင်တောမြို့နယ်များတွင် တည်ထောင် စိုက်ပျိုးခဲ့။ ရခိုင်ပြည်နယ်၏ ဧရိယာ ၄၆ဒသမ၆၄ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းသဖြင့် ရခိုင်ပြည်နယ်သည် ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ ကညောင်း၊ ပျဉ်းမ၊ သင်္ကန်းစသည့် အဖိုးတန် သစ်ပင်များ၊ အုန်း၊ ကွမ်း၊ တညင်း၊ ရော်ဘာ၊ သီဟိုဠ်နှင့် အခြားစားသုံးပင်များပေါက်ကာ ဖြစ်ထွန်းလျက်ရှိသဖြင့် တောအုပ်ကြီး၏ အလယ်တွင် ရခိုင်ပြည်နယ်၏ အလှကား ပန်းသင့်လျက်ရှိ။**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ထိန်းသိမ်းကာကွယ်ထားသော ကျွန်းပင်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ အစ္စရေးနိုင်ငံမှ ပညာရှင်များဟောပြောမည်

ရန်ကုန် မေ ၂၀

အစ္စရေးနိုင်ငံမှ ပညာရှင်များဖြစ်ကြသော Mr. Yakov Moskovitz (Ramat Negev Desert Agro Research Centre, Israel)သည် "Desert Agriculture in Israel" (အစ္စရေးနိုင်ငံ၏ သဲကန္တာရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း)နှင့် ပတ်သက်၍ လည်းကောင်း၊ Mr. Ben Zion Shemer(Ramat Negev Desert Agro Research Centre, Israel) သည် " Agri Farming and Aqualogy in Dry Climate" (ခြောက်သွေ့သော ရာသီဥတုတွင် လုပ်ကိုင်သည့် စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများ) နှင့် ပတ်သက်၍ လည်းကောင်း မေ၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၅-၂၀၀၉ ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
၈:၁၅ ၆။ အကပဒေသာ
၈:၃၀ ၇။ ပျော်ဘွယ်ချည်မျှင်စက်ရုံ
၈:၃၅ ၈။ International News
၈:၄၅ ၉။ အတီးပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၅ ၄။ အရေးပြိုင်ပွဲ
၄:၄၀ ၅။ **အဲဒီမှာစတွေ့တာပဲ** မင်းအုပ်စိုး၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅:၂၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **ကယ်တင်ခြင်းနည်း** စိုးရန်အောင်၊ ရတနာမိုင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၁၁)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၄)
၂၀။ အစီအစဉ်ပြီး၏။

ငါး/သယံဇာတများ မျိုးမပြုန်းတီးစေရေး ငါးမဖမ်းရန် တားမြစ်ထားသည့် နေရာများ ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်း ရေပြင်အတွင်း ငါး/သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန် အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ဇွန် ၁ရက်မှ ဩဂုတ် ၃၁ရက်အထိကို အောက်ဖော်ပြပါ နေရာများအတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်းမပြုကြရန် ထုတ်ပြန်ကြေညာထားသည်။

ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် နေရာများမှာ ရခိုင်ငါးဖမ်းကွက်တွင် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀) ရှိ ငါးလုပ်ငန်းရေပြင်၊ ဧရာဝတီ ငါးဖမ်းကွက်တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀ မိနစ် အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ ဘီ-၂၀) (ငါးဖမ်းကွက်အမှတ် စီ-၃ နှင့် စီ-၄တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်၊ မွန်နှင့် တနင်္သာရီငါးဖမ်းကွက်တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ-၈၊ ဒီ-၁၃၊ ဒီ-၁၈)နှင့် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်နှင့် မြောက်လတ္တီ တွဒ် ၁၁ ဒီဂရီ ၅၅မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၉မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၅မိနစ်အတွင်း (တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်၊ ဝက်ဖြူတောင်နှင့် သာများမိကျွန်းတစ်ပိုက်)ရှိ ငါးလုပ်ငန်းရေပြင်တို့ ဖြစ်ကြသည်။

သို့ဖြစ်ရာ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များအနေဖြင့် ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါနေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

21-5 (11).pmd 1 5/21/2009, 1:14 AM

စီမံကိန်းတာဝန် ပေးအပ်ပွဲ ဖလမ်း၌ကျင်းပ

ဖလမ်း မေ ၂၀

မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် မွန်းလွဲ ၂နာရီက ဖလမ်းမြို့ စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး မြို့နယ်အတွင်းရေးမှူး ဦးရွှန်းအဲင်းလျှန်က စီမံကိန်း တာဝန်ပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမှာစကား

ဆက်လက်၍ ၂၀၀၉- ၂၀၁၀ခုနှစ် စီမံကိန်း လျာထားချက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးကြပ်ရန် စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ပေးအပ်ကာ ဌာနဆိုင်ရာများ ကိုယ်စား မြို့နယ်စာရင်းစစ်မှူး ဦးထောင်လွယ်မန်းက လည်းကောင်း၊ ရပ်ကွက်အုပ်စု ဥက္ကဋ္ဌများကိုယ်စား ရမ်ထလိုဥက္ကဋ္ဌ ဦးထန်းလွယ်ကလည်းကောင်း လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ပြန်/ဆက်ဦးစီးမှူး လှိုင်မြို့နယ်ရုံး၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုနှင့်အတူ မေ ၅ရက် မွန်းလွဲ ၂နာရီက လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လာရောက်စစ်ဆေးသည်။

မှာကြား

လက်ထောက်ညွှန်ကြားရေးမှူးက ဝန်ကြီး၏ ၂၀၀၉-၂၀၁၀ခုနှစ် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေး၊ စံ(၅)ချက်နှင့်ပြည့်စုံသော ခိုင်မာသည့်စာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ အရေးထားဆောင်ရွက်ရန် စာငှားစနစ်အသုံးပြုမှုများ မှန်ကန်စွာဖြစ်ထွန်းအောင်မြင်ရေး ဆောင်ရွက်ရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် အစဉ်ထိတွေ့ပြီး စာဖတ်အားမြှင့်တင်နိုင်ရေးအတွက် စာဖတ်ဝိုင်းများ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲစသည်တို့ကို မြို့နယ်တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုအား ရယူဆောင်ရွက်သွားရန်၊ စာကြည့်တိုက်ပညာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားရန်နှင့် ရုံးလုပ်ငန်းများ စနစ်တကျရှိရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး
ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ကျွန်းနှင့်သစ်မာစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲ ရွှေတောင်တွင် ကျင်းပ

ရွှေတောင် မေ ၂၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ၂၀၀၉-၂၀၁၀ခုနှစ် ကျေးလက်အိမ်ရာ တည်ထောင်ရေး၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀နှင့် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာ တစ်ဧက တည်ထောင်စိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၇ရက် နံနက်က ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက သစ်တောဆိုင်ရာ လုပ်ငန်းများအကြောင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းထွန်းဦးက စိုက်ပျိုးရမည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စု တစ်စုချင်းစီသို့ စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ (အပေါ်ယာပုံ)

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ကျေးရွာအုပ်စု ၁၇စုရှိ အိမ်ထောင်စုပေါင်း ၇၄၀၁စုတွင် အဆိုပါလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာအုပ်စုများနှင့် ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ညောင်ကုန်းအုပ်စု ညောင်ကုန်းကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စု ဥက္ကဋ္ဌ ဦးဘုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မီးသတိပြု

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းများဖွင့်ပွဲ မင်းတပ်မြို့နယ်၌ကျင်းပ

မင်းတပ် မေ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း မင်းတပ်၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)၊ သိုးမွှေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၅)၊ ကနုကမာကျောက်စီပန်းချီသင်တန်း အမှတ်စဉ်(၁၁)၊ အခြေခံရက်ကန်း သင်တန်းအမှတ်စဉ်(၇)နှင့် ကြိမ်သင်တန်းအမှတ်စဉ်(၂) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အမျိုးသမီး အိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က သင်တန်း၌ သင်ကြားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်သည်။ (ခရိုင် ပြန်/ဆက်)

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် သဲတန်းလမ်း(ကျန်အပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ဧပြီ ၂၇ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝဘိုင်အိုဘက်ထရီ မီးလင်းရေး သရုပ်ပြပွဲနှင့်ပြုလုပ်နည်း ယင်းမာပင်၌ သင်တန်းဖွင့်

ယင်းမာပင် မေ ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဇီဝဘိုင်အိုဘက်ထရီ မီးလင်းရေး အသုံးပြုနည်းသရုပ်ပြပွဲကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်က ဇီဝဘိုင်အိုဘက်ထရီ မီးလင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းထွဋ်က မိသားစုသုံး တစ်နိုင်တစ်ပိုင် ဇီဝဘိုင်အိုဘက်ထရီ မီးလင်းရေး ပြုလုပ်နည်းနှင့် အသုံးပြုနည်း အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းထွဋ်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြသောင်တို့က တက်ရောက်လာကြသော ကျေးရွာပြည်သူများအား မိသားစုသုံး တစ်နိုင်တစ်ပိုင် ဇီဝဘိုင်အိုဘက်ထရီ မီးလင်းရေးပြုလုပ်နည်းများကို သင်တန်းပို့ချပေးသည်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တန့်ယန်းမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ရန် ကျောက်များစုဆောင်း

တန့်ယန်း မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တန့်ယန်းမြို့နယ်အတွင်းရှိ နောင်မိန်းကျေးရွာနှင့် နောင်ဖာကျေးရွာ မင်းဖယ်ကျောက်ချောလမ်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ရန် ကျောက်များစုဆောင်း ထားရှိမှုကို တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ချန်ပီယံလိဂ်ဖလားပြိုင်ပွဲဆိုသည်မှာ....

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ပထမဆုံး ချန်ပီယံလိဂ်ဖလားကို ဤသို့ တွေ့ရသည်။

ပါရီ မေ ၂၀

ဥရောပဘောလုံးကလပ် အသင်းတွေရဲ့ အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲတစ်ခုဖြစ်တဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲဟာ ကမ္ဘာ့ဘောလုံး ပရိသတ်ကို ဆွဲဆောင်မှုအပြည့်နဲ့ လွှမ်းမိုးထားနိုင်စွမ်းရှိပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပြီးရင် အကြီးကျယ်ဆုံး ဘောလုံးပြိုင်ပွဲ တစ်ရပ်အဖြစ် သတ်မှတ်ရမယ့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ သမိုင်းကြောင်းကို ငဲ့စောင်းလေ့လာကြည့်တဲ့အခါ... ။

စတင်ယှဉ်ပြိုင်

ဥရောပဘောလုံးအဖွဲ့ချုပ်ဟာ ဥရောပနိုင်ငံတွေမှာ ကစားနေကြတဲ့ ကလပ်ဘောလုံးအသင်းတွေချည်း ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတစ်ရပ် ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပြီး ၁၉၅၅ခုနှစ် ဘောလုံးရာသီကစတင်ကာ ဥရောပကလပ်ချန်ပီယံဖလားအမည်နဲ့ စတင်ယှဉ်ပြိုင်စေခဲ့တာ ဖြစ်ပါတယ်။

ဒီပြိုင်ပွဲဟာ ဥရောပနိုင်ငံတွေရဲ့ ပြည်တွင်းထိပ်တန်းကလပ်အသင်းတွေ ယှဉ်ပြိုင်တာဆိုပေမယ့် ၁၉၅၅ခုနှစ်က စတင်ကစားစဉ်က ကလပ်အသင်းပေါင်း ၇၇သင်းကို အုပ်စု၃၂အုပ်စုခွဲပြီး ယှဉ်ပြိုင်ကစားစေခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုကျင်းပခဲ့တာဟာ အားသာချက်ထက် အားနည်းချက်တွေများခဲ့လို့ ပြိုင်ပွဲဝင်ခွင့်ရမယ့် ပြည်တွင်းကလပ်အသင်းတွေကို နောက်ပိုင်းမှာ စိစစ်သတ်မှတ်ပြီးမှ ကစားခွင့်ပြုခဲ့ပါတယ်။

အောင်မြင်စွာကျင်းပခဲ့

ဒါကြောင့် ၁၉၉၂ခုနှစ်ကစတင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီတဲ့ ကလပ်အသင်း ၃၂သင်းကိုပဲ အုပ်စုရှစ်အုပ်စုခွဲကာ ပြိုင်ပွဲအမည်ကိုလည်း ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အမည်နဲ့ ပြောင်းလဲကျင်းပခဲ့တာဖြစ်ပြီး ဒီနေ့အထိ အောင်မြင်စွာနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဘောလုံးပွဲ စတင်ကျင်းပခဲ့တဲ့ ၁၉၅၅-၅၆ဘောလုံးရာသီမှာ ပထမဆုံးဖိုလ်စွဲခဲ့တဲ့အသင်းကတော့ ရီးရဲမက်ဒရစ် အသင်းဖြစ်ပြီး ငါးနှစ်ဆက်တိုက်ဖိုလ်စွဲနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ဖလားကို ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀၊ ၁၉၆၆၊ ၁၉၉၈၊ ၂၀၀၀နဲ့ ၂၀၀၂ခုနှစ်တွေမှာ ဆွတ်ခူးနိုင်ခဲ့လို့ စုစုပေါင်းဖလား ကိုးကြိမ်ရရှိခဲ့တဲ့ အအောင်မြင်ဆုံး အသင်းအဖြစ် မှတ်တမ်းတင်ထားနိုင်ပါတယ်။

အေစီမီလန်အသင်း

ဒုတိယအအောင်မြင်ဆုံးအသင်းကတော့ အေစီမီလန်အသင်းဖြစ်ပြီး ၁၉၆၃၊ ၁၉၆၉၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၄၊ ၂၀၀၃နဲ့ ၂၀၀၇ခုနှစ်တွေမှာ ချန်ပီယံလိဂ်ဆုဖလားရရှိခဲ့လို့ ခုနစ်ကြိမ်အထိ ဖလားရယူထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ ၁၉၅၈၊ ၁၉၉၃၊ ၁၉၉၅နဲ့ ၂၀၀၅ခုနှစ်တွေမှာလည်း ဒုတိယနဲ့ ကျေနပ်ခဲ့ရတဲ့ အသင်းဖြစ်ပါတယ်။

တတိယအအောင်မြင်ဆုံးအသင်းကတော့ လီဗာပူးအသင်းဖြစ်ပြီး ၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄ နဲ့ ၂၀၀၅ ခုနှစ်တွေမှာ ဆုဖလားရယူနိုင်ခဲ့တာမို့ ငါးကြိမ်အထိ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ကြည့်ရင်တော့ စပိန်ကလပ်တွေမှာ ရီးရဲမက်ဒရစ်ကိုးကြိမ်နဲ့ ဘာစီလိုနာနှစ်ကြိမ် ဖလားရရှိထားပြီး အင်္ဂလန်ကလပ်တွေမှာတော့ လီဗာပူးငါးကြိမ်၊ မန်ယူသုံးကြိမ်၊ နော့တင်ဟမ် နှစ်ကြိမ်နဲ့ ဗီလာအသင်းက တစ်ကြိမ် ရရှိထားပါတယ်။

ဂိုးအများဆုံးသွင်းယူ

ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ဂိုးအများဆုံးသွင်းထားတဲ့ တိုက်စစ်မှူးကတော့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရာအူးလ်ဖြစ်ပြီး ချန်ပီယံလိဂ်ပွဲပေါင်း ၁၂၇ ပွဲ ပါဝင်ကစားခဲ့ပြီး စုစုပေါင်း ၆၄ ဂိုး သွင်းထားနိုင်ခဲ့ပါတယ်။ ဒုတိယဂိုးအများဆုံးသွင်းထားနိုင်သူကတော့ ပီအက်စ်ဗွီအင်ဒိုဗင်၊ မန်ယူနဲ့ ရီးရဲမက်ဒရစ်ကလပ်တွေနဲ့အတူ ချန်ပီယံလိဂ်ပွဲပေါင်း ၇၉ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၆၀ သွင်းယူခဲ့တဲ့ နစ္စတယ်ရွိုင်းပဲ ဖြစ်ပါတယ်။ တတိယဂိုးအများဆုံး သွင်းထားတဲ့ တိုက်စစ်မှူးကတော့ မိုနာကို၊ အာဆင်နယ်နဲ့ ဘာစီလိုနာကလပ်တွေနဲ့အတူ ချန်ပီယံလိဂ်ပွဲပေါင်း ၁၃၀ ပါဝင်ကစားပြီး ၅၉ ဂိုး သွင်းယူပေးထားတဲ့ တိုက်စစ်မှူး အွန်နရီဖြစ်ပါတယ်။

ဒါ့အပြင် ချန်ပီယံလိဂ် သမိုင်းတစ်လျှောက်မှာ ဘောလုံးပွဲအရေအတွက် အများဆုံး ပါဝင်ကစားခဲ့တဲ့ ဘောလုံးသမားတွေကတော့ အွန်နရီ ပွဲပေါင်း ၁၃၀၊ ရိုင်ယန်ဂစ် ၁၂၈ ပွဲ၊ ရာအူးလ် ၁၂၈ ပွဲ၊ ရောဘတ်တိုကားလို့စ် ပွဲ ၁၂၀ နဲ့ ပေါလ်စခိုး ၁၁၅ ပွဲ တို့ပဲ ဖြစ်ပါတယ်။

တာဝန်ယူဆောင်ရွက်

ချန်ပီယံလိဂ်ဖလားပြိုင်ပွဲများအတွက် အဓိကထောက်ပံ့ဖြည့်ဆည်းပေးနေတဲ့ ကုမ္ပဏီကတော့ မာလ်တီနေရှင်နယ်ကော်ပိုရေးရှင်းအုပ်စုဖြစ်ပြီး ဖီဖာကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက်လည်း သူတို့ပဲ တာဝန်ယူဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဖလားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ အရည်အချင်းပြည့်မီတဲ့ဘောလုံးအသင်းတိုင်းကို ယူအီးအက်ဖ်အေက ပေါင်သုံးသန်းစီဆုချီးမြှင့်တဲ့အပြင် အုပ်စုအဆင့်ဝင်ရောက်နိုင်ရင် ပေါင် ၂ ဒသမ ၄ သန်း ထပ်မံချီးမြှင့်ပေးပါတယ်။ အုပ်စုပွဲတွေ ကစားတဲ့အခါ တစ်ပွဲနိုင်ရင် ပေါင်ခြောက်သိန်းပေးပြီး သရေပွဲဖြစ်ရင်တော့ ပေါင်သုံးသိန်းစီ ခွဲဝေပေးပါတယ်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်ကျင်းပခဲ့သည့် ၁၉၅၆ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရီးရဲမက်ဒရစ် (ဖြူ)နှင့် စတိတ်ဒီရမ်းအသင်းတို့ ဤသို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ချီးမြှင့်

ဒါ့အပြင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်တဲ့အသင်းတိုင်းကို ပေါင်၂ဒသမ ၃ သန်းချီးမြှင့်ပြီး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်တဲ့အသင်းတိုင်းကို ပေါင်သုံးသန်းစီ ချီးမြှင့်ပေးပါတယ်။ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်တဲ့အသင်းကို ပေါင်ခုနစ်သန်းပေးပြီး ဒုတိယရတဲ့အသင်းကို ပေါင်လေးသန်းချီးမြှင့်ပေးပါတယ်။ ဒါက ယူအီးအက်ဖ်အေ တစ်ခုတည်းက ချီးမြှင့်တဲ့ငွေကြေးဖြစ်ပြီး အခြားကချီးမြှင့်တဲ့ ငွေကြေးတွေ မပါသေးပါဘူး။

ချန်ပီယံလိဂ်ဖလားပြိုင်ပွဲစတင်ကျင်းပတဲ့အချိန်ကတော့ ပထမဆုံးအကြိမ်ကျင်းပတာမို့ နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၁၃ ရက်မှာ ကျင်းပခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် နောက်ဆုံးဗိုလ်လုပွဲကို နှစ်စဉ် မေလ နောက်ဆုံးသီတင်းပတ်မှာကျင်းပခဲ့ပါတယ်။

အစဉ်အလာကောင်း

ဒါကြောင့် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲဟာ စတင်ကျင်းပကတည်းက အောင်မြင်မှုတွေရရှိခဲ့ပြီး အစဉ်အလာကောင်းခဲ့တဲ့ ဥရောပကလပ်ဘောလုံးပြိုင်ပွဲဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ချင်းကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့်စားသုံးလျှင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ကင်ဆာများမဖြစ်နိုင်

ချင်း(**အပေါ်ပုံ**)ကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့်သင့်တင့်စွာ ပုံမှန်စားသုံးပေးပါက အစာအိမ်နှင့် အူလမ်းကြောင်းတို့တွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ချင်းတွင်ပါဝင်သောဓာတ်ပေါင်းက ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိပြီး အစာအိမ်နှင့် အူကင်ဆာဖြစ်ပွားမှုကို ၇၀ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထောက်ပံ့

ချင်းကို အရည်ညှစ်ပြီး နေ့စဉ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် ပုံမှန်သောက်သုံးပေးပါက ကိုယ်တွင်းဇီဝဖြစ်စဉ်ကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ဆဲလ်အသစ်များ ပြန့်ပွားပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

သွေးသန့်

ချင်းကို စားသုံးခြင်းကြောင့် သွေးထဲတွင် ပါဝင်သောအဆိပ်များကို ဖယ်ရှားရှင်းလင်းပေးနိုင်ပြီး သွေးသန့်အောင် ပြုလုပ်ပေးနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အာဖရိကငါးခူများ သားဖောက်ထုတ်လုပ် ဖြန့်ဖြူးခြင်း မပြုကြရန်နှိုးဆော်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အာဖရိကငါးခူ (Clarias gariepinus) များသည် သဘာဝသယံဇာတများကို ပျက်စီးစေကြောင်းနှင့် ဒေသခံငါးမျိုးများကို ပြုန်းတီးစေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ အာဖရိကငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်းနှင့် ပြည်တွင်းတွင် လက်ရှိ သားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက်သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ရောင်းချခြင်း စသည်တို့ကိုမပြုလုပ်ကြရန် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ တားမြစ်ချက်များကို ဖောက်ဖျက်၍ ငါးလုပ်ငန်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။

သို့ဖြစ်၍ ဤအမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို လိုက်နာကျင့်သုံးကြရန်နှင့် အာဖရိကငါးခူများအား သားဖောက်ထုတ်လုပ်ဖြန့်ဖြူးခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ

ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ

ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ

ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံအလှဆုံးအဆောက်အအုံများကို တည်ဆောက်ထားလျက်ရှိရာ စိတ်ဝင်စားစရာအကောင်းဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ဗိသုကာလက်ရာမြောက် အဆောက်အအုံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းသူ မောင်မောင်မြင့်ဆွေ

စပိန်မြောက်ပိုင်း ဘီလ်ဘာရိုမြို့မှ ပြတိုက်

စပိန်နိုင်ငံမြောက်ပိုင်း ဘီလ်ဘာရိုမြို့တွင် တည်ဆောက်ထားသော ပြတိုက်အဆောက်အအုံဖြစ်သည်။ ကနေဒါနွယ်ဖွား အမေရိကန်နိုင်ငံသား ဒီဇိုင်းပညာရှင် ဖရန့်ဂီရီက အဆောက်အအုံဒီဇိုင်းပုံစံရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်သည်။

စတင်ဖွင့်လှစ်

စတုရန်းမီတာ ၅၀၀ အကျယ်အဝန်းရှိသော မြေဧရိယာပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၉၉၇ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် အဆောက်အအုံဖြစ်သည်။ ၂၀ ရာစုခေတ်၌ အထူးခြားဆုံးအဆောက်အအုံဖြစ်ပြီး ဒီဇိုင်းပုံစံဆန်းသစ်မှုကြောင့် ကမ္ဘာကျော်အဆောက် အအုံဖြစ်လာသည်။

အနုပညာ

အဆောက်အအုံအတွင်း၌ တရုတ်နှင့် ရုရှားတို့၏ အနုပညာလက်ရာများစွာကို ထည့်သွင်းထားသကဲ့သို့ ၂၀ ရာစုခေတ်သစ်ဗိသုကာများကိုလည်း ထည့်သွင်းပြုလုပ်ထားသည်။ **(အောက်ပုံ)**



ကနေဒါနိုင်ငံမှ တိုရွန်တိုရုပ်ရှင်စတူဒီယို

ကနေဒါနိုင်ငံ တိုရွန်တိုမြို့လယ်တွင် တည်ဆောက်ထားသော ဒီဇိုင်းပုံစံထူးခြားသည့် ရုပ်ရှင်စတူဒီယိုအဆောက်အအုံဖြစ်သည်။ (အပေါ်ပုံ) ၂၀၀၈ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ ပြီးစီးရန်မျှော်မှန်းထားသည်။

ပုံစံထုတ်

မြေအကျယ်အဝန်း စတုရန်းပေ ၂၈၀၀၀၀ပေါ်တွင် တည်ဆောက်ထားသော အထပ် ၁၁ ထပ်မြင့်သည့် အဆောက်အအုံဖြစ်သည်။ အဆောက်အအုံဒီဇိုင်းကို ခဲလ်အယ်ဆော့ပ် အဖွဲ့မှရေးဆွဲကာ ပုံစံထုတ်ပေးခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ထား

အဆောက်အအုံအပြင်ဘက်မျက်နှာစာတွင် မှန်များပတ်လည်ကပ်ထားခြင်းဖြစ်ပြီး အဓိကအားဖြင့် လေနှင့်အလင်းရောင်တို့ကောင်းစွာရရှိနိုင်အောင် ပုံစံဒီဇိုင်းထုတ် တည်ဆောက်ထားခြင်းဖြစ်သည်။ တိုရွန်တိုရုပ်ရှင်စတူဒီယိုကို ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ အပြီးတည်ဆောက်မည်ဖြစ်သည်။

ဒူဘိုင်းမြို့ရှိ အေနာရာအဆောက်အအုံ

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ ရှိတ်ဇာယတ်လမ်း၌ တည်ဆောက်ထားသည်။ တာမီးရားကုမ္ပဏီမှ ဒီဇိုင်းပုံစံရေးဆွဲထားခြင်းဖြစ်ပြီး အမြင့်မှာ မီတာ ၆၀၀ကျော်ရှိသည်။ အေနာရာအဆောက်အအုံ မတည်ဆောက်မီ ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံဒီဇိုင်းပညာရှင်များထံမှ ဒီဇိုင်းပုံစံများကို ဖိတ်ခေါ်ခဲ့ပြီး ရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အလှပဆုံး

အေနာရာအဆောက်အအုံတွင် အထပ်ပေါင်း ၁၂၅ ထပ်ရှိ အခန်း ၂၅၀ ပါဝင်သော ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခုပါဝင်သည်။ ထို့အပြင် ပန်းခြံလေးခု၊ ဆေးရုံနှင့် အားကစားကွင်းများပါရှိပြီး အခန်းပေါင်း ၃၀၀ ဖြင့် ဖွဲ့စည်းထားသည်။ ကမ္ဘာပေါ်တွင် အလှပဆုံးအဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အောက်ပုံ)**



ကိုယ်လက်လေ့ကျင့်ခန်းပုံမှန်မပြုလုပ်ခဲ့လျှင် အဝလွန်မှု ပိုမိုဖြစ်ပေါ်နိုင်ဟုဆို

ကိုယ်အလေးချိန် လျှော့ချသူများနှင့် အဝလွန်မှုကျဆင်းစေရန် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်သူများသည် နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းမပြုလုပ်ပါက အကျိုးသက်ရောက်မှုမရှိနိုင်သည့်အပြင် အဝလွန်မှုပိုမိုဖြစ်စေနိုင်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ပိုများလာ

နေ့စဉ်အချိန်မှန်မှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုကြောင့် ကိုယ်အလေးချိန်ကျဆင်းစေကြောင်း၊ ထိုသို့ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းသည် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုကောင်းမွန်စေပြီး သွေးကြောငယ်များသန်မာစေကြောင်း၊ သို့သော် ကိုယ်လက်လေ့ကျင့်မှု ပုံမှန်မပြုလုပ်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောစုပုံမှုနှုန်းသည် သာမန်ထက် နှစ်ဆခန့် ပိုများလာစေနိုင်ကြောင်း သိရသည်။

သတိပေးထား

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကြောင့် လောင်ကျွမ်းသွားသော ကယ်လိုရီများသည် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ရပ်နားလိုက်ပါက စားသောက်လိုက်သော အစားအစာများမှ ကယ်လိုရီများကို ပိုမိုစုပ်ယူမှု ပြုလုပ်နိုင်ရာ အချိန်တိုအတွင်း အဝလွန်မှုပြန်လည်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

အင်တာနက် ကျန်းမာရေး

ဘာဝဒဿန

* *Death is a debt due by all men.*

■ *သေခြင်းတရားသည် လူသားအားလုံး ပေးဆပ်ကြရမည့် အကြွေးပင် ဖြစ်သည်။*

ပေလာဒက်ခ်
(ဂရိလူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

တစ်သက်တာဝေးကွာရန် အကြောင်းဖန်လာသောအခါ ....

နိုင်ငံတကာမှုခင်း

အမေရိကန်နိုင်ငံရှိ ဆန်ဖရန်စစ္စကိုမြို့ကြီးသည် ကူးသန်းရောင်းဝယ်ဖောက်ကားမှု ထွန်းကားသည့်မြို့ကြီးဖြစ်သည်။ ထိုမြို့ကြီးတွင် ဆာရာကွတ်ဇက်ခ်(**ယာပုံ**) အမည်ရှိ အမျိုးသမီးသည် မိဘ နှစ်ပါးနှင့်အတူ အေးချမ်းစွာနေထိုင်ခဲ့သည်။ သူမသည် ငယ်စဉ် ကတည်းက ပညာကိုအပတ်တကုတ်သင်ယူခဲ့ရာ ဘွဲ့ရရှိခဲ့သည်။ မိဘနှစ်ပါးသည် ကုန်သည်များဖြစ်သဖြင့် သူမသည် ဘွဲ့ရသောအခါ ပြင်ပအလုပ်ရှာစရာမလိုဘဲ မိဘများ၏ လုပ်ငန်းတွင်သာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဖူးစာဖက်ခဲ့ကြ

ဆာရာသည် အလုပ်အားလပ်ရက်များတွင် မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ရွက်လှေစီးခြင်း၊ သင်္ဘောစီးခြင်းဖြင့် အပျော်ခရီးကို မကြာခဏထွက်လေ့ရှိသည်။ ထိုသို့ ခရီးထွက်ခဲ့ရာမှ လူချမ်းသာပိုင်ရှင်များပိုင်ဆိုင်သည့် အပျော်စီးရွက်လှေသင်္ဘောများကို မောင်းနှင်သူ မာလိန်မှူး ချီရှင်းယားမက်အင်တို့ရှ် အမည်ရှိ အမျိုးသားနှင့် တွေ့ဆုံရည်ငံကာ ဖူးစာဖက်ခဲ့ကြသည်။

စံပြဇနီးမောင်နှံ

မက်သည် ဂျော်ဂျီယာပြည်နယ်ရှိ ကမ်းရိုးတန်းမြို့လေးဖြစ်သည့် ဆာဗန်နက်ချ် မြို့တွင်နေထိုင်သူဖြစ်သည့်အတွက် ဆာရာသည် လွန်ခဲ့သော ငါးနှစ်ခန့်က မက်နှင့်လက်ထပ်ပြီး ခင်ပွန်းသည် မက်နေထိုင်ရာ ယင်းမြို့လေးသို့ ယောင်နောက်ဆံထုံးပါဆိုသလို လိုက်ပါနေထိုင်ခဲ့သည်။ မက်နှင့် ဆာရာတို့ ဇနီးမောင်နှံသည် ဆွဲဆောင်မှုရှိပြီး ရှေ့သွားနောက်လိုက်ညီကာ စွန့်စားလိုပြီး ဘာသာရေးကိုင်းရှိုင်းသည့် စံပြဇနီးမောင်နှံအဖြစ် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဆိုစမှတ်ပြုခဲ့ရသည်။ ခင်ပွန်းသည်မက်က အလုပ်ရှင်များ၏ ရွက်လှေများ၊ သင်္ဘောများကို လိုက်လံရွက်လွှင့်မောင်းနှင်ပေးသည့် အခါတိုင်း ဆာရာက အတူတကွလိုက်ပါကာ အားလုံးအတွက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးခဲ့သည်။

လိုက်လံပို့ဆောင်

မက်နှင့် ဆာရာတို့သည် စွန့်စားလိုသည့် ဝါသနာတူဇနီးမောင်နှံဖြစ်သည့် အားလျော်စွာ မရောက်ဖူးသေးသော ကျွန်းကလေးများသို့ မကြာခဏရွက်လွှင့် သွားရောက်လေ့ရှိသည်။ ၂၀၀၉ ခုနှစ်ဦးပိုင်း၌ မက်နှင့် ဆာရာတို့ဇနီးမောင်နှံ၏ အိမ်တွင် ဆည်းလည်းဖြစ်လာမည့် ရင်သွေးအား ဆာရာ၌ လွယ်ထားခဲ့ပြီဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင်မှု မက်သည် ပိုင်ရှင်များ၏ အပျော်ခရီးအဖြစ် ပွာတိုရီကို နိုင်ငံသို့လိုက်လံ ပို့ဆောင်ပေးခဲ့သည်။

အဆက်အသွယ်ပြတ်သွားခဲ့

ဆာရာသည် ခင်ပွန်းသည်က ၎င်း၏ပိုင်ရှင်သူဌေးများအား အပျော်ခရီးအဖြစ်ရွက်လွှင့်လိုက်လံပို့ဆောင်ရာ ပွာတိုရီကိုနိုင်ငံ ကမ်းရိုးတမ်းမြို့ဖြစ်သည့် ဖာဂျာရိုမြို့သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၃ရက်တွင် ခင်ပွန်းသည်အားတွေ့ဆုံရန် ရောက်ရှိခဲ့သည်။ ခင်ပွန်းသည်အား မတွေ့ဆုံမီ ဖေဖော်ဝါရီ ၄ရက် နံနက်တွင်မှ ဖာဂျာရိုမြို့ ဥယျာဉ်တစ်ခုအတွင်း ခပ်ဖွဖွအပြေးလေ့ကျင့်ခန်းလုပ်နေခဲ့သည်။ ထိုသို့ လုပ်နေရင်းမှ လူတစ်ဦး၏ဖမ်းဆီးခေါ်ဆောင်လုယက်ခြင်းကို ခံခဲ့ရပြီး သူမ၏လက်ကိုင်ဖုန်းဖြင့် မက်ထံသို့ ဆက်သွယ်ကာ သူမသေရတော့မည်ဖြစ်ကြောင်းပြောကြား၍ စကားမဆုံးမီမှာပင် အဆက်အသွယ်ပြတ်သွားခဲ့သည်ဟုဆိုသည်။

တရားစွဲဆို

ထိုအခါ မက်က ဖာဂျာရိုမြို့ ရဲအဖွဲ့သို့ အကြောင်းကြားဆက်သွယ်ခဲ့သဖြင့် ဖုန်းအဆက်အသွယ်မှတစ်ဆင့် ခြေရာခံရာမှ အသက် ၃၆နှစ်ရှိ ဆာရာကွတ်ဇက်ခ်အား သတ်ဖြတ်ခဲ့သူ အသက် ၃၆နှစ်ရှိ အီလီဇာမားကွက်ဇ်အား ဖမ်းမိခဲ့ပြီး ဖေဖော်ဝါရီ ၅ရက်တွင် ပြန်ပေးဆွဲမှု၊ လုယက်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။ အသတ်ခံရချိန်တွင် ဆာရာ၌ ကိုယ်ဝန်ငါးလရှိနေပြီဖြစ်သည်။

ဖြောင့်ချက်ပေး

မားကွက်ဇ်က တရားရုံး၌ထွက်ဆိုရာတွင် ဆာရာ မိမိကားအနီးမှ ဖြတ်သွားစဉ် ကားအတွင်းသို့ ခေါ်ဆောင်ကာလုယက်ခဲ့ခြင်းဖြစ်ကြောင်း၊ သူမ၌ ကိုယ်ဝန်ရှိသည်ကိုမသိခဲ့ကြောင်း၊ ဆာရာက ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် ခြေလွန်လက်လွန်လုပ်ခဲ့မိခြင်းဖြစ်ကြောင်း၊ မူလက ဆာရာ၏လက်ဝတ်ရတနာများကိုရယူရန်သာကြံခဲ့ကြောင်း၊ မိမိတွင်လည်း သမီးတစ်ယောက်ရှိပြီး ပြင်မရသော အမှားကြီးကို ကျူးလွန်ခဲ့မိပြီဖြစ်ကြောင်း ဝမ်းနည်းစွာငိုကြွေး ဖြောင့်ချက် ပေးခဲ့သည်။

လောဘနောက်လိုက်ပါ

ယခုဖြစ်ရပ်တွင် အီလီဇာမားကွက်ဇ်၏ လောဘနောက်သို့ မဆင်မခြင်လိုက်ပါခဲ့မှုကြောင့် အပြစ်မဲ့သော ဆာရာကွတ်ဇက်ခ်နှင့် ဝမ်းတွင်လွယ်ထားရသည့် ကလေးငယ်မှာ ခင်ပွန်းသည် ချီရှင်းယား မက်အင်တို့ရှ်နှင့် တစ်သက်တာဝေးစေဖို့ အကြောင်းဖန်ခဲ့ပြီး အီလီဇာမားကွက်ဇ်ကိုယ်တိုင် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံကာ သမီးဖြစ်သူနှင့် ရှင်ကွဲ ကွဲရမည့်အဖြစ်ကို သင်ခန်းစာယူဖွယ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား- အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

မက်နှင့် ဆာရာတို့ ဇနီးမောင်နှံသည် ဆွဲဆောင်မှုရှိပြီး ရှေ့သွားနောက်လိုက်ညီကာ စွန့်စားလိုပြီး ဘာသာရေးကိုင်းရှိုင်းသည့် စံပြဇနီးမောင်နှံအဖြစ် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဆိုစမှတ်ပြုခဲ့ရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

အကြောင်းကြားစာ

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ခံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု/လျှပ်စစ်) ရာထူးနေရာများ၌ ခန့်အပ်ရန်အတွက် ၂၉-၅-၂၀၀၈ရက်နှင့် ၃၀-၁၀-၂၀၀၈ ရက်များတွင် လူတွေ့စစ်ဆေးအောင်မြင်၍ ပဏာမရွေးချယ်ထားသူများအား ၅-၁-၂၀၀၉ရက်နှင့် ၆-၁-၂၀၀၉ ရက်များတွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ကြော်ငြာထည့်သွင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ပဏာမရွေးချယ်ထားသူများမှ အောက်ဖော်ပြပါ ခုံအမှတ်များသည် အလုပ်ဝင်ရောက်ရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၀၇၃၊ ၀၆၇-၄၁၁၁၇၃သို့ ၃၀-၅-၂၀၀၉ရက် (စနေနေ့)နှင့် ၃၁-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)အရောက် နံနက် ၉ နာရီမှ ညနေ ၄နာရီအတွင်း လူကိုယ်တိုင် လာရောက်သတင်းပို့ရန် အကြောင်းကြားပါသည်။

အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ရာထူးခန့်အပ်မည့်သူများစာရင်း။
စက်(၃)၊ စက်(၁၂)၊ စက်(၁၃)၊ စက်(၁၄)၊ စက်(၁၅)၊ စက်(၁၇)၊ စက်(၁၈)၊ စက်(၁၉)၊ စက်(၂၂)၊ စက်(၂၇)၊ စက်(၃၀)၊ စက်(၃၃)၊ စက်(၃၅)၊ စက်(၄၅)။

အငယ်တန်းအင်ဂျင်နီယာ-၂(လျှပ်စစ်)ရာထူးခန့်အပ်မည့်သူများစာရင်း။
လျှပ်(၂)၊ လျှပ်(၁၀)၊ လျှပ်(၁၄)၊ လျှပ်(၁၇)၊ လျှပ်(၁၈)၊ လျှပ်(၁၉)၊ လျှပ်(၂၄)၊ လျှပ်(၂၅)၊ လျှပ်(၂၆)၊ လျှပ်(၃၃)၊ လျှပ်(၃၇)၊ လျှပ်(၃၈)၊ လျှပ်(၃၉)၊ လျှပ်(၄၂)၊ လျှပ်(၄၄)၊ လျှပ်(၄၉)၊ လျှပ်(၅၂)၊ လျှပ်(၅၃)၊ လျှပ်(၅၉)၊ လျှပ်(၆၃)၊ လျှပ်(၆၉)၊ လျှပ်(၇၁)၊ လျှပ်(၇၈)၊ လျှပ်(၇၉)၊ လျှပ်(၈၁)၊ လျှပ်(၈၅)၊ လျှပ်(၉၄)၊ လျှပ်(၉၅)၊ လျှပ်(၉၆)၊ လျှပ်(၉၉)။

၃။ အထက်ပါ ပဏာမရွေးချယ်ထားသူများသည် အလုပ်ဝင်ရောက်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အလုပ်အတွက်လိုအပ်သော ပညာအရည်အချင်းထောက်ခံချက် မူရင်း/မိတ္တူ၊ သပ်ရပ်စွာဝတ်ဆင်ထားသည့် (၁"×၁")အရွယ် ရောင်စုံဓာတ်ပုံခြောက်ပုံ၊ (၁½"×၂") အရွယ် ရောင်စုံဓာတ်ပုံခြောက်ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူတို့ တစ်ပါတည်း ယူဆောင်လာရမည်။

၄။ သတ်မှတ်ရက်အရောက် သတင်းပို့ခြင်းမရှိသူများအား ပဏာမရွေးချယ်ထားခြင်းမှ ပယ်ဖျက်၍ အလုပ်ခန့်ထားမည်မဟုတ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

တိပိဋကဓရ မနုဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒအား
မနုတိုင်းရင်းသားမိသားစုအသင်း(ဗဟို)ရန်ကုန်မှ

ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

မနုတိုင်းရင်းသားမိသားစုအသင်း ရန်ကုန်က (၁၃၇၁ခုနှစ် နယုန်လဆန်း၁ရက်) ၂၄-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက်၈း၃၀နာရီတွင် မနုတိုင်းရင်းသားမိသားစုဝင်များ မနုတိုင်းရင်းသားမွှာရုံ၊ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့် (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်) ဗဟန်းမြို့နယ် ဖုန်း-၃၈၃၇၃၇သို့ မနုတိုင်းရင်းသား အသင်းသားအသင်းသူအားလုံး ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်-၂၇(မြေညီထပ်) ဝဲဘက်အခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်အေးနွယ်ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် ပြုလုပ်ဝယ်ယူခြင်းကို ကန့်ကွက်ရန်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း အထောက်အထားများတင်ပြ၍ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ် ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဌေးလွင်၊ ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၁၄၃၊ ပထမထပ်၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၈၁၆၀၊ ၀၉-၅၁-၆၁၁၄၉။

ဦးစိုးပိုင် ၇/ပခန(နိုင်)၀၁၁၇၀၀ နှင့် လီဆန်မန်တို့အား

သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅) ရပ်ကွက်၊ မြိတ်လမ်းနှင့် ဇာဒက်ကြီးကျွန်း လမ်းထောင့်၊ အမှတ် ၈၅၉ နေ ဦးစိုးပိုင်သည် ၃၁-၁၀-၂၀၀၇ ရက်တွင် ၎င်းနှင့် လီဆန်မန် Lee Seok Man တို့ ပိုင်ဆိုင်သည်ဟုဆိုသော အင်၊ ကညင်သစ်ခွဲသား ၃၄ တန်ကို ကာလတန်ဖိုးဖြင့် ကတိစာချုပ်အရ ကျွန်ုပ်အမှုသည်အား အပြီးအပိုင်ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချသည့်နေ့တွင် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်ခွဲစက်ဌာန မုံရွာမြို့တွင်သွားရောက်ထုတ်ယူရမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုကာ ကျွန်ုပ်အမှုသည်ထံမှ ငွေကြေးများကိုလက်ခံရယူခဲ့ခြင်းဖြစ်ပြီး ယနေ့ထိတိုင် မည်သည့်သစ်ခွဲသားများကိုမျှ လာရောက်ပေးအပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြကာ တိမ်းရှောင်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်အား ယုံကြည်အောင်လှည့်ဖြားသွေးဆောင်ပြီး ရယူသွားခဲ့သည့်ငွေကြေးများကို အလွဲသုံးစားပြုလုပ်ထားသည့်အကြောင်းအရာပေါ် ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာသတိပေး ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်(ခ)ဦးမြင့်စိန် ၈/မထန (နိုင်)၀၇၉၄၅၅ ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်စိန်
တရားရုံးချုပ်ရှေ့နေ (စဉ်-၃၉၅၃)
အမှတ် ၅၀၊ ပထမထပ်၊ A-21၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၄၀၉၅၆။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရှိ ချွတ်ယွင်းပျက်စီးနေသော အောက်ဖော်ပြပါ သိုလှောင်ရုံတစ်လုံးကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ဖျာပုံမြို့နယ်**
(၁) (၁၄၄'×၅၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်) (မြေ-၁၉၊ ထိတန်ကျေးရွာ၊ အောင်သုခဆန်စက်)

(ခ) တင်ဒါရောင်းချမည့် ရက်/အချိန် - ၂၅-၅-၂၀၀၉ ရက် ၀၉း၃၀ နာရီ မှ ၁၆း၃၀နာရီအထိ

(ဂ) တင်ဒါပိတ်မည့် ရက်/အချိန် - ၂၈-၅-၂၀၀၉ ရက် ၁၅း၀၀ နာရီ

(ဃ) တင်ဒါပုံစံဝယ်ယူရမည့်နေရာ - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊
(၁) တိုင်းမန်နေဂျာရုံး၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့
(၂) မြို့နယ်မန်နေဂျာရုံး၊ ဖျာပုံမြို့နယ်

(င) တင်ဒါတင်သွင်းရမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရုံးအမှတ်(၃)နေပြည်တော်၊ဖုန်း-၀၆၇-၄၀၈၂၄၈/၂၆၂

၂။ အဆိုပါသိုလှောင်ရုံတစ်လုံး၏ မျက်မြင်အခြေအနေကို သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၄၂-၂၄၅၂၃ ပုသိမ်မြို့နှင့် ၀၄၅-၄၀၃၃၀ ဖျာပုံမြို့နယ် မန်နေဂျာရုံးတို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ် ၀၃/၀၄/၀၅/၀၆/မမ/ပြည်တွင်း/2009-2010

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Machinery & Equipment (Welding Machine, Power Tools, Instruments, Hydraulic Jack 25 Ton, etc....)	1 - Lot
(ခ)	လေအိတ်ဘိုဂီ တွဲအရန်ပစ္စည်းများ	1 - Lot
(ဂ)	Metal Spray Wire & Powder	1 - Lot
(ဃ)	သုတ်ဆေးနှင့် Putty	1 - Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်/အချိန် - ၂၆-၆-၂၀၀၉ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီ။

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၅-၂၀၀၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၁၉၈၂၊ ၂၉၁၉၉၄။

Fax Phone နှင့် Printer များဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း (ရုံးချုပ်)နှင့်စက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်-

စဉ်	အမျိုးအမည်	သတ်မှတ်စံချိန်စံညွှန်း	အရေအတွက်
(က)	Fax Phone	Panasonic Fax Model 937 Thermal Paper Fax Auto Cutter	6 Nos
(ခ)	Printer	Epson Stylus Photo R-230 Colour	3 Nos

၂။ ၁၉-၅-၂၀၀၉ရက်မှစတင်၍ တင်ဒါပုံစံများကို ရော်ဘာပစ္စည်းစက်ရုံ၊ အမှတ်(၂၈၆)၊ နတ်စင်ပြွန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ဖြည့်စွက်ပြီး ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန (နေပြည်တော်)သို့ လိပ်မူထားသော စာအိတ်တွင်ထည့်သွင်းချိပ်ပိတ်ပြီး ဤစက်မှုလုပ်ငန်း(ရုံးချုပ်)စာပေးစာယူဌာနတွင် မှတ်ပုံတင်၍ ၂၉-၅-၂၀၀၉ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူးချုပ်ရုံးခန်း (နေပြည်တော်)ရှိ တင်ဒါပုံးတွင် တင်ဒါပေးသွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း (ရုံးချုပ်)စီမံကိန်းဌာနတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၈၁၄၆၊ ၀၁-၅၀၇၆၃၃
ရော်ဘာပစ္စည်းစက်ရုံ
မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး
စက်မှုလုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၁၂၃၈၊ Honda Dreamလက်ဝယ်ရှိသူ စိုင်းဆိုင် ၁၃/ကတန(နိုင်) ၀၂၂၃၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်သည်။**ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)။**

တိုက်ခန်းရောင်းမည်/ကားနှင့်လဲမည်

(ပိုင်ရှင်ကိုယ်တိုင်-ညှိနှိုင်းဈေး)
အဆောင်၊ စာသင်ခန်း၊ ရုံးခန်း၊ မိသားစုနေထိုင်ရန်သင့်လျော်

(၁) **တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဇေယျာသုခလမ်း**
တစ်လွှာလျှင် ၂၈ပေ×ပေ၅၀၊ ၅လွှာ+၆လွှာ(ဘယ်၊ညာ)လေးခန်းတွဲသီးသန့် (sq;feet 2800)၊ ပုံမှန်အိပ်ခန်း (၃)ခန်းအပြင် 1MBR (ရေချိုးခန်း၊ အိမ်သာတွဲလျက်)၊ စတီးလ်လက်ရန်းတပ် အတွင်းလှေကား၊ ရေ၊ မီးကိုယ်ပိုင်၊ မီးဖိုချောင်၊ ပေါ်အောက် ရေချိုးခန်း(၂)ခန်း၊ အိမ်သာရိုးရိုး (၂)ခန်း၊ ကြွေခင်း ကြွေကပ်ပြီး၊ တိုက်သစ်၊ သွားလာရေးလွယ်ကူ၊ လူနေထိုင်ခွင့် ပါမစ်ကျပြီး။

(၂) **တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် မာလာနွယ်လမ်း**
တစ်လွှာလျှင် ၂၈ပေ×ပေ၅၀၊ ၅လွှာ+၆လွှာ(ဘယ်၊ညာ)လေးခန်းတွဲသီးသန့် (sq;feet 2800)၊ ပုံမှန်အိပ်ခန်း (၃)ခန်းအပြင် 2MBR (ရေချိုးခန်း၊ အိမ်သာတွဲလျက်-ဘိုထိုင်) စတီးလ်လက်ရန်းတပ် အတွင်းလှေကား၊ ရေ၊ မီးကိုယ်ပိုင်၊ မီးဖိုချောင်၊ ပေါ်အောက် ရေချိုးခန်း(၂)ခန်း၊ အိမ်သာရိုးရိုး (၂)ခန်း၊ ကြွေခင်း ကြွေကပ်ပြီး၊ တိုက်သစ်လူမနေရသေး၊ သွားလာရေးလွယ်ကူ၊ လူနေထိုင်ခွင့် ပါမစ်ကျပြီး။

ဆက်သွယ်ရန် ဖုန်း-၃၈၃၉၉၆၊ ၃၈၅၇၁၀၊ ၂၂၆၄၂၈(ရုံးချိန်အတွင်း)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်

ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၆ ပညာသင်နှစ်အတွက် ၂၀၀၆ ခုနှစ် အောက်တိုဘာ/ နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ (ဘွဲ့)၊ စတုတ္ထနှစ် ဥပဒေပညာ (ဘွဲ့)၊ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ ပင်လုံ၊ လားရှိုး၊ ရွှေဘို၊ ကျိုင်းတုံ၊ဗန်းမော်၊ ရေနံချောင်း၊ မိုးညှင်း၊ မြင်းခြံဌာနခွဲများမှ ကျောင်းသား ကျောင်းသူများသည် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ ၂၀၀၇ ပညာသင်နှစ်အတွက် ၂၀၀၇ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလများနှင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ စတုတ္ထနှစ် ဥပဒေပညာ(ဘွဲ့)၊ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ ပင်လုံ၊ လားရှိုး၊ ရွှေဘို၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရေနံချောင်း၊ မိုးညှင်း၊မြင်းခြံဌာနခွဲများမှ ကျောင်းသား ကျောင်းသူများသည် ဧကဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၃။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဓာတ်ပုံအသစ်နှစ်ပုံနှင့် မှတ်ပုံတင် မိတ္တူတစ်စုံပူးတွဲ၍ ၂၂-၄-၂၀၀၉ရက် မှ ၂၁-၅-၂၀၀၉ ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေးငွေကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ငွေကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) ကို ပေးသွင်းရပါမည်။

၅။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။

၆။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ကြေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၇။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင် အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၈။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြင့်ဖြည့်စွက်၍ မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲမှ တစ်ဆင့် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင်သော်လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်က ဘွဲ့နှင်းပေးမည်မဟုတ်ပါ။

၉။ ယခင်ပညာသင်နှစ်များမှ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၁၀။ ၂၀၀၆ ပညာသင်နှစ်နှင့် ၂၀၀၇ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှ ဘွဲ့နှင်းသဘင် (အခမ်းအနား)သို့ အမှန်တကယ်ဘွဲ့တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်သည်။

၁၁။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

ရွှေလတ်ဇင်
လက်ထောက်မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်။

ဦးအေးကြူ (Unique Education Service)
LCCI 2009 Series 4
25, June 2009 တွင် စတင်မည်။
အမှတ် (၃၁၂)၊ ၃ လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း) (အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel : 248931 (Centre) H.P : 09-5161658

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၇ လမ်း၊ အမှတ် (၂၄)၊ မြေညီထပ်(ယာ)တိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်စုစုဝင်း ၁၂/မဂတ(နိုင်)၀၅၅၁၀၆ ထံမှ ကျွန်တော်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်
တရားရုံးချုပ်ရှေ့နေ (စဉ်-၄၆၉၁)
အမှတ် ၉/၁၁၊ အခန်း(၁၀၆-၁)၊ ပထမထပ်၊
၃၆ လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်တွင်နေရာချထားမည့် ဥတ္တရသီရိမြို့ကွက်နှင့် ဒက္ခိဏသီရိမြို့ကွက်အတွက် မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော် ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့အား အောက်ပါအချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) **မြေကွက်အရွယ်အစား။** ပေ ၁၂၀×၁၂၀ မြေကွက်၊ ပေ၁၀၀×၁၀၀မြေကွက်၊ ပေ ၈၀×၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်၊

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့်ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်၊

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံ အစရှိသည့် လူမှုရေး အဆောက်အအုံများအပြင် စက်မှုလက်မှုဖွံ့ဖြိုးရေးဇုန်၊ အင်းဝဇုန်နှင့် ကမ္ဘောဇဇုန်များ ဆောက်လုပ်ပေးပြီးဖြစ်သည်။

၂။ မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များအား လိုက်နာရမည်-

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် အောက်ဖော်ပြပါနှုန်းထားအတိုင်း ငွေပေးသွင်းရမည်။

(၁) အကျယ်ပေ ၁၂၀ × ၁၂၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၄၀၊

(၂) အကျယ်ပေ ၁၀၀ × ၁၀၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀၊

(၃) အကျယ်ပေ ၈၀ × ၈၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၀၊

(ခ) အမှန်တကယ်နေထိုင်ရန်လိုအပ်ပါက မြေကွက်နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာဖြစ်သဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုပါ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ်(သို့မဟုတ်) နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်။

(စ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်။ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသည့် အိမ်ပုံစံကို ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဆ) သတ်မှတ်မြေကွက်တစ်ကွက်တွင် အိမ်တစ်လုံးထက်ပို၍ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ ဆောက်လုပ်ခြင်းအား ခွင့်မပြုပါ။

(ဇ) နေရာချထားပေးပြီး အနည်းဆုံးသုံးလအတွင်း အဆောက်အအုံ စတင်ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့် လျော်ကြေးမှမပေးဘဲ မြေကွက်အား ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်း မပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည်ဆိုပါက သတ်မှတ် မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့်ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့် မပြုပါ။

၃။ မြို့ကွက်သစ်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင်ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ဖူးခဲ့သူသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှု ရှိသူသော်လည်းကောင်း မဖြစ်စေရ၊

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် ဖုန်းနံပါတ်-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၁၄၆၆၇၊၀၆၇-၄၁၄၂၀၂၊၀၆၇-၄၁၄၂၀၄။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနအတွက် အောက်ပါ ပစ္စည်းများကို ဂိုဒေါင်အရောက်တန်ဖိုး D.D.P (Paung Laung) နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Computer (PIV) (LCD Monitor)	18 Sets
2.	Laser Printer (A-4) (Canon LBP-3050)	18 Nos
3.	Color Printer (A-3) (Canon IX-4000)	5 Nos
4.	Digital Multifunction Copier (A3) (Canon IR-2018 N)	7 Nos

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၅-၆-၂၀၀၉ရက် မွန်းတည့် ၁၂း၀၀နာရီ ဖြစ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၀၅၊ ဖက်စ်-၄၁၁၀၈၁။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် ၂၄ နာရီ ပုဂ္ဂလိကဆေးဆိုင် (ပင်မဆေးဆိုင်) ဖွင့်လှစ်ရောင်းချရန်အတွက် ချိပ်ပိတ်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄) နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၄၁၁၁၆၁သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါပိတ်မည့်ရက် - **၁၈-၆-၂၀၀၉ ရက်**
မွန်းလွဲ ၂း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့။

Olive Ph; 095018346
ကိုခွန်မြတ်-ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး
မင်္ဂလာဆောင်ခံပွဲ၊မွေးနေ့၊အခမ်းအနားအမျိုးမျိုး အတွက်
အထူးဈေးနှုန်းချိုသာစွာဖြင့် ရိုက်ကူးပေးနေပါသည်။
ဆရာဗစ်တာမြတ်-ကိုရီးယားစကားပြော
Basic,Intermediate,Advance,Speaking
မ/၂၄၄၊၄-လွှာ၊ဂမုန်းပွင့်ကန့်တိုက်မျက်နှာချင်းဆိုင်၊
မြေနီကုန်း၊စမ်းချောင်း၊ဖုန်း 095018346

အမည်ပြောင်း

ပင်လုံမြို့ ရွှေဖီလမ်း အိမ်အမှတ်(၆)မှ ကိုရဲမြင့်အား ထက်ဦးလှိုင် ၁၃/လလန(နိုင်)၀၀၃၁၃၅ ဟုပြောင်းလဲခေါ်ပါရန်။

ထက်ဦးလှိုင်။

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တရားရုံးတော်၌
၂၀၀၉ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃

ကွယ်လွန်သူဦးကျော်ငြိမ်း-ဒေါ်အုံးကြိုင်တို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။ ။

ကလောမြို့နယ်၊ အောင်ပန်းမြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးကျော်ငြိမ်း-ဒေါ်အုံးကြိုင်၏ ကျန်ရှိရစ်သော အမွေပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သီတာဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် ဇွန် ၅ရက်(၁၃၇၁ခုနှစ် နယုန်လဆန်း ၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ငြိမ်း-ဒေါ်အုံးကြိုင်တို့၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၉ခုနှစ် ဇွန် ၅ရက်(၁၃၇၁ခုနှစ် နယုန်လဆန်း ၁၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သီတာဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၉ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်တရားရုံး
တောင်ကြီးမြို့။

၁၀-၅-၂၀၀၉ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးအောင်မြတ်ထွဋ်နှင့်ဒေါ်ဝန်နီလှိုင်တို့၏ ကြေညာချက်အား
ပြန်လည်ဖြေရှင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

ဦးစန်းမြနှင့် ပထမဇနီးဒေါ်မြမြသန်းတို့ တရားဝင်ကွာရှင်းပြီးနောက် ဦးစန်းမြသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းနှင့် တရားဝင်ပေါင်းသင်း နေထိုင်ခဲ့ပါသည်။ ဒေါ်မြမြသန်းနှင့် ဦးစန်းမြတို့ ကွာရှင်းစဉ်က လက်ထက်ပွားပစ္စည်းအားလုံး ဒေါ်မြမြသန်းနှင့်ကလေးများကို ပေးအပ်ခဲ့ပြီးကလေးများသည်လည်း ဒေါ်မြမြသန်းနောက်သို့ လိုက်ပါနေထိုင်ခဲ့ကြပါသည်။

အမှတ် ၆၉၉၊ စာဂ(၁၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော မြေအကျယ်ပေ(၄၀×၆၀)မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်ခင်ငြိမ်းအမည်ဖြင့် ဝယ်ယူပြီး ဒေါ်ခင်ငြိမ်းအမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်ရရှိထားသည်ဖြစ်၍ ၎င်းအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးကျော်ဇေယျ ၁၂/ဗဟန(နိုင်) ၀၃၂၉၅၀နှင့် မောင်နမလေးဦးတို့ လုံးဝသက်ဆိုင် အကျိုးခံစားခွင့်မရှိဘဲ ဒေါ်ခင်ငြိမ်းတစ်ဦးတည်းပိုင်ပစ္စည်းများသာဖြစ်ကြောင်း ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

ဒေါ်ခင်ငြိမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၇၇၈၊ စာဂ(၁၇)လမ်း
(၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ကြာပန်း
အိမ်အရောက်ပို့ပေးသည် . . .
သီးချိုသော
မှတ်ပုံတင် ၁၁၀၉ ပိုင် ၀၈၂၆၂
၇၂၀၀၅တာဆထလ၊ တိုး(၁၃၁၇)
01-682525 / 681972

ဦးသန်းအောင် (၈/ရစက(နိုင်)၀၉၈၄၃၀) နှင့်
အများသိရှိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ မုံရွာမြို့ မြဝတီရပ်နေ ဒေါ်စိန်ရွှေ ၅/မရန(နိုင်) ၂၄၀၈၀၆၏ခင်ပွန်း ဦးသန်းအောင် ၈/ရစက(နိုင်)၀၉၈၄၃၀သည် ၁၂-၁-၂၀၀၉ရက်က ဒေါ်စိန်ရွှေနှင့်ပတ်သက်သည့် ရွှေထည်နှင့်ငွေများကို ရယူကာ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ပြတ်စဲကြောင်းနှင့် နောက်နောင်တွင် ဦးသန်းအောင်နှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဇော်ထွန်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၆၂၃၁)
ကွေ့ကြီးရပ်၊ ရာပြည့်လမ်း၊ မုံရွာမြို့။

တောင်ငူမြို့ Hawaii စားသောက်ဆိုင်နှင့်ပတ်သက်၍
အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်း၊ တောင်ငူမြို့၊(၁၄)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၄၄၆)တွင် Hawaii Tiger Prestige Bar စားသောက်ဆိုင်ကို မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းရှိန်ရှိစဉ်ကတည်းက စတင်ဖွင့်လှစ်ရောင်းချခဲ့ပြီး မိခင်ကွယ်လွန်သွားသည့်အခါတွင် ဒေါ်ခင်ဝင်းရှိန်၏ သားသုံးဦးဖြစ်သော ၁။ ဦးအောင်ကိုကို၊ ၂။ ဦးစိုးညီညီ၊ ၃။ ဦးသွင်မောင်မောင်တို့မှ ဦးစီး၍ ဆက်လက်ဖွင့်လှစ် ရောင်းချခဲ့ပါသည်။

ဦးအောင်ကိုကိုမှ ဆိုင်အားစီမံအုပ်ချုပ်သူအဖြစ်လည်းကောင်း၊ ဦးစိုးညီညီမှ မန်နေဂျာအဖြစ်လည်းကောင်း၊ ဦးသွင်မောင်မောင်မှ ကြီးကြပ်သူအဖြစ်လည်းကောင်း ဆောင်ရွက်ကြရာတွင် ဦးစိုးညီညီမှ အဆိုပါဆိုင်၏ မန်နေဂျာဟူသော လုပ်ပိုင်ခွင့်ကိုသုံးပြီး ကျန်ညီအစ်ကိုနှစ်ဦးမှ သိရှိခြင်းမရှိဘဲ တောင်ငူမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၀-၃-၂၀၀၉ရက်တွင် Hawaii စားသောက်ဆိုင်အား မိမိ၏တစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း၊ Hawaii စာတမ်းပါ အမှတ်တံဆိပ်ကို မူရင်းအမှတ်တံဆိပ်နှင့် ဆင်တူယိုးမှား ပြုလုပ်၍ မှတ်ပုံတင်ခြင်း၊ အဆိုပါစားသောက်ဆိုင်မှ ရသည့်ငွေကြေးများကို သက်ဆိုင်ရာ ကုမ္ပဏီ၊ လုပ်ငန်းဌာနများသို့ ပေးဆပ်ရန်ရှိသည့်ငွေများကို ပေးဆပ်ခြင်းမပြုဘဲ တောင်ငူမြို့ (၁၄)ရပ်ကွက် ရွှေချောင်းလမ်းတွင် အိမ်ခြံမြေများ ထပ်မံဝယ်ယူ၍ မိမိတစ်ဦးတည်းပိုင်ပြုကာ Hawaii အမည်ဖြင့် စားသောက်ဆိုင် ထပ်မံဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းတို့ကြောင့် ဦးစိုးညီညီ(ဘ)ဦးရဲညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/တငန(နိုင်)၀၀၁၈၄၈ အား ဆိုင်၏ မန်နေဂျာအဖြစ်မှ ထုတ်ပယ်လိုက်ပြီးဖြစ်ပါသည်။

ဦးစိုးညီညီမှ ဆိုင်မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့စဉ်က ပြုလုပ်ခဲ့သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်းနှင့် ၎င်း၏ လုပ်ဆောင်ချက်မှန်သမျှကို ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကိုကိုနှင့်ဦးသွင်မောင်မောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်လှိုင်(LL.B) တရားရုံးချုပ်ရှေ့နေ (စဉ်-၆၄၇၂/၉၇)
အမှတ် (၁၅/၁၃၃)၊(၄)လမ်း၊
တောင်ငူမြို့၊
ဖုန်း-၀၉-၆၃၀-၀၇၀၆။

ဖခင်အမည်မှန်

ကလေးမြို့ အလက(ခွဲ) အမက (၆) ပဉ္စမတန်းမှ မောင်ကျော်သူရ၏ ဖခင် အမည်မှန်မှာ ဦးနိုင်းလုပ် ဖြစ်ပါကြောင်း။

ဦးနိုင်းလုပ်။

အမည်ပြောင်း

ရွှေညောင် အထကကျောင်း တက္ကသိုလ်ဝင်တန်း (E) မှ မာလာအား ယနေ့မှစ၍ မာယာဟု ပြောင်းလဲခေါ်ပါရန်။ **မာယာ။**

အမည်ပြောင်း

တောင်ကြီးမြို့ ရွှေတောင်ရပ် စပယ်(၁)လမ်း အိမ်အမှတ်(ရ/၇၈)မှ အဖ ဦးဝင်းနိုင်စိုး၏သား မောင်ရဲရင့်အောင်အား ယနေ့မှစ၍ မောင်ဝဏ္ဏခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝဏ္ဏခိုင်။**

အမည်ပြောင်း

ရွှေညောင် အထကကျောင်း သတ္တမတန်း (A)မှ ကျော်သူရအား ယနေ့မှစ၍ ဘီစ္စနူးပရာဆပ်ဟု ပြောင်းလဲခေါ်ပါရန်။

ဘီစ္စနူးပရာဆပ်။

အမည်ပြောင်း

ရွှေညောင် အထကကျောင်း သတ္တမတန်း (A)မှ တင်ဇော်အား ယနေ့မှစ၍ ရမေ(စ်)ဟု ပြောင်းလဲခေါ်ပါရန်။

ရမေ(စ်)။

အမည်ပြောင်း

ရွှေညောင် အထကကျောင်း သတ္တမတန်း (C)မှ ဇော်လင်းအား ယနေ့မှစ၍ စန်သို(စ်)ဟု ပြောင်းလဲခေါ်ပါရန်။ **စန်သို(စ်)။**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လက/၂၈၄၉ ယာဉ်လက်ဝယ်ရှိသူ ဦးမတုးဆလယ် ၂/ဒမဆ(နိုင်) ၀၀၃၃၅၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်မြို့)။

ဒေါ်အောင်ဆန်းစုကြည်က သူမ၏ ကျန်းမာရေးကောင်းမွန်ကြောင်း သံတမန်များအား ပြောကြား

ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက် အကျဉ်းဦးစီးဌာန ဆေးမှူးချုပ်နှင့် ဆရာဝန်များက နေ့စဉ်အနီးကပ် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ စစ်ဆေးကြားနာနေဆဲဖြစ်

နေပြည်တော် မေ ၂၀

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန် နိုင်ငံသား Mr. John William Yettaw တို့အပေါ် ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ တတိယနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ခေတ္တရပ်နား

တတိယနေ့အဖြစ် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် စတင်စစ်ဆေးပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကြားနာစစ်ဆေးမှုကို ခေတ္တရပ်နားသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ စင်ကာပူသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များ သွားရောက်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန် ၂၀-၅-၂၀၀၉	
နေပြည်တော်	၀ ဒသမ ၆၇ လက်မ
ကျိုက္ကမီ	၂ ဒသမ ၂၈ လက်မ
ပုသိမ်	၁ ဒသမ ၅၇ လက်မ
ကော့သောင်း	၁ ဒသမ ၃၈ လက်မ

ထူးခြားသည့် နေ့အပူချိန် ၂၀-၅-၂၀၀၉	
ချောက်	၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ပျဉ်းကတိုးပင်များ စိုက်ပျိုးထားမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သစ်တော၊ သစ်ပင်များဖြင့် လှပဝေစည်နေသော ရခိုင်ပြည်နယ်

➢ သတင်းဆောင်းပါး - သတင်းထောက် စဠ်ကူစိုးဝင်း ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

စစ်တွေ မေ ၂၀

သစ်တောဧရိယာ ထက်ဝက်ဖုံးလွှမ်းနေသော ရခိုင်ပြည်နယ်....

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရခိုင်ပြည်နယ် ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်နေမှုကို သတင်းဆောင်းပါးရေးသားရန် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်သစ်တောဦးစီးမှူးရုံးသို့ ရောက်ရှိခဲ့သည်။

တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်နေ

ပြည်နယ်သစ်တောဦးစီးမှူးရုံးတွင် ပြည်နယ်သစ်တောဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ စစ်တွေခရိုင်သစ်တောဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဇော်တို့နှင့် တွေ့ဆုံပြီးမေးမြန်းခဲ့ရာ- "ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ဧက ၄၂၃၈၃၄၀ ဖြစ်ပြီး ပြည်နယ်၏ ၄၆ ဒသမ ၆၄ ရာခိုင်နှုန်း သစ်တောဖုံးလွှမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် သစ်တောဦးစီးရုံးအနေနဲ့ သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်တဲ့ ပြည်ပဝင်ငွေရရှိရေး၊ တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေး၊ သစ်တောစိုက်ခင်းများ ပုံမှန်ထူထောင်ရေး၊ ရေဝေရေလဲစိုက်ခင်းများ ထူထောင်ရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနဲ့ လုပ်ငန်းတာဝန်များဖြစ်တဲ့ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းများ အောင်မြင်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စည်းရုံးဆောင်ရွက်ရေး၊ တရားမဝင်သစ်များ ဖော်ထုတ်ဖမ်းဆီးရေး စတဲ့လုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်နေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က ဦးစွာရှင်းပြသည်။

ဖွဲ့စည်းပြီး

ရခိုင်ပြည်နယ်အတွင်း ကြိုးဝိုင်းတော ၁၃ ခု ဖွဲ့စည်းထားရှိပြီး ဧရိယာအားဖြင့် ၅၂၂၆၂၃ ဧက၊ ကြိုးပြင် ကာကွယ်တော ၂၀၊ ဧရိယာ ၁၁၆၃၆၄၁ ဧကနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု ဧရိယာ ၄၃၃၈၄၃ ဧက ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ သစ်တောမြေ စုစုပေါင်းဧရိယာ ၂၁၂၀၁၀၇ ဧကရှိပြီး ပြည်နယ်၏ ၂၃ ဒသမ ၃၂ ရာခိုင်နှုန်း ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●